# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၁၈၁)၊ ၁၃၇၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်၊ ၇–၆–၂၀၁၆၊ တနင်္လာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

**ကျန်းမာမှ ပညာသင်နိုင်မည်**
**ကျန်းမာမှ အလုပ်လုပ်နိုင်မည်**


**လူတိုင်း သက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေး၊ လူတိုင်း ရောဂါဘယ ကင်းရှင်းရေးနှင့် ပြည်သူများ၏ မျှော်မှန်းသက်တမ်း တိုးမြင့်လာစေရေး ကြိုးပမ်းဆောင်ရွက်ရမည်။**

## နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နှင့်ဇနီး ဒေါ်ကြူကြူလှ တောင်ငူမြို့ရှိ ပြည်သူ့ဆေးရုံနှင့် တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသူများအား သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် ဇွန် ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဇနီး ဒေါ်ကြူကြူလှ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဦးမင်းနောင်၊ ဦးမျိုးဇော်သိမ်း၊ ဦးမျိုးသန့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ တောင်ငူမြို့ရှိပြည်သူ့ဆေးရုံနှင့် တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အဖွဲ့ဝင်များသည် တောင်ငူမြို့ အထွေထွေပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြရာ ခေတ္တဆေးရုံအုပ်ကြီး ဒေါက်တာ စောသူရကြည်ဖေနှင့် ကျန်းမာရေးဝန်ထမ်းများက ကြိုဆို နှုတ်ဆက်ကြပြီး မျက်စိလူနာဆောင်၊ နား၊ နှာခေါင်း၊ လည်ချောင်း လူနာဆောင်တို့၌ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် ပြည်သူများအား တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ကျန်းမာရေးပြုစုစောင့်ရှောက်မှုများ ဆောင်ရွက်ပေးထားမှုတို့ကို စာမျက်နှာ ၃ သို့ ★



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တောင်ငူမြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံတွင် တက်ရောက်ကုသမှုခံယူလျက်ရှိသည့် တပ်မတော်သားများအား ကြည့်ရှုအားပေးစကားပြောကြားစဉ်။

## ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆို

နေပြည်တော် ဇွန် ၆

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် ရှမ်းပြည်နယ် (အရှေ့ပိုင်း)ဒေသတစ်ဝိုက်၌ စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ဇွန် ၅ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် စာမျက်နှာ ၃ သို့ ○



## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇွန် ၆

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ ၈လ

၂၀၂၆ ခုနှစ်၊ ဇွန် ၇ ရက်၊ တနင်္ဂနွေနေ့။

## ပြုံးရယ်ခြင်းသည် စိတ်ကို ပျော်ရွှင်မှုရရှိစေမည်

လူမှုရေးနယ်ပယ်၌ လူတစ်ဦးနှင့်တစ်ဦးပေါင်းသင်းဆက်ဆံရာတွင် ပြုံရယ်ခြင်းလည်းပါဝင်နေသည်။ စကားဝိုင်းတစ်ခုတွင် ရယ်မောစရာ ဟာသစကားနှောမှ အပျင်းပြေမည်ဖြစ်သည်။ "ရယ်မောခြင်းအစ ဟာသဉာဏ်က" ဟု ဆိုစမှတ်ပြုနိုင်ပါသည်။ တစ်စုံတစ်ယောက်သည် ဟာသဉာဏ်ရှိမှသာ ရယ်မောစရာများကို ပြောတတ်မည်ဖြစ်သည်။ ရယ်မောခြင်းသည် လူတိုင်းကို ဘဝအမောပြေစေနိုင်ပြီး အပျင်းလည်းပြေစေမည်ဖြစ်သည်။ လူမှုဆက်ဆံရေးနယ်ပယ်တွင် ရယ်စရာပြောတတ်သူကို လူအများစုကပိုမိုခင်မင်ကြသည်။ မြန်မာအဘိဓာန်၌ ရယ်မောခြင်းကို ရယ်ပြုံးသည်၊ ရယ်မြူးသည်၊ ရယ်သွေးသည်၊ ရယ်ရယ်ဖက်ဖက်ဟု အနေပြုံးခြင်း၊ ရယ်မောခြင်းသည် ကောင်းမွန်သော ဘဝတစ်ခု၊ ပျော်ရွှင်ဝမ်းသာသည့် ဘဝဖန်တီးနိုင်စွမ်းရှိပါသည်။ ပြုံးရယ်ခြင်းသည် စိတ်ကိုပျော်ရွှင်မှုရှိသဖြင့် ပိုမိုအသက်ရှည်စေနိုင်ပါသည်။ "ရယ်သောသူ အသက်ရှည်၏" ဟူသည့် ဆိုရိုးစကားလည်းရှိပါသည်။ ထို့ကြောင့် ရခဲလှသောလူ့ဘဝတွင် အသက်ရှည်ရှည်နေထိုင်သွားနိုင်ဖို့ ရယ်မောခြင်း လိုအပ်မည်ဖြစ်သည်။ ထို့ပြင် လူမှုရေးဓာတ်လမ်းများဖြစ်ကြသည့် ရုပ်ရှင်ဓာတ်လမ်းများတွင် အချစ်၊ အလွမ်းတို့၌ ဟာသခန်းများထည့်သွင်းရိုက်ကူးမှုများလာသည်။ မီဒီယာလောကရှိ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းတို့တွင်လည်း စာဖတ်ပရိသတ်များ ရယ်မောနိုင်ရန် ဟာသကဏ္ဍ၊ ကာတွန်းကဏ္ဍများပါဝင်လာခြင်းဖြစ်သည်။ ထို့ကြောင့် ပြုံးရယ်ခြင်းသည် လူတိုင်းလူတိုင်း အသက်ရှည်ဖို့လိုအပ်ကြောင်းပေါ်လွင် ထင်ရှားလာခဲ့သည်။

ရယ်မောခြင်းနှင့်စပ်လျဉ်းပြီး သဂါထာဝဂ္ဂသံယုတ်၊ သုဘာစာသုတ်လာ စကားပြောအင်္ဂါ ၁၀ ပါး၌ အမှတ်စဉ်တစ်ခုတွင် ပြုံးရယ်ခြင်းရှေ့ထား၍ ပြောကြားရခြင်း မိဟိတမုဗ္ဗဘာဏီဟူ၍ ပါဝင်နေသည်။ အနောက်တိုင်းလူမျိုးတို့က "အပြုံးလေးတစ်ချက်ဟာ အင်အားရှိတဲ့အကြောင်းအရာတစ်ခုပါပဲ၊ ရေခဲကိုတောင် သင့်ရဲ့အပြုံးက ခွဲပစ်နိုင်ပါတယ်" ဟူ၍ ဆိုထားသည်။ သင်သည်စကားပြောဆိုရာတွင်လည်းကောင်း၊ ပြုလုပ်မှုဆောင်ရွက်ရာတွင်လည်းကောင်း တစ်ပါးသူအား ပြုံးရွှင်ရယ်မောလာအောင် တွေးတောနိုင်အောင် ဆွဲဆောင်ပေးနိုင်လျှင် သင့်အပေါ် ယုံကြည်မှုရရှိလာမည်ဖြစ်သည်။ စကားဝိုင်းတစ်ဝိုင်းတွင် တစ်ယောက်နှင့်တစ်ယောက် ရယ်ရယ်မောမောပြောဆိုကြလျှင် ထိုစကားဝိုင်းသည် ပျင်းရိငြီးငွေ့စရာမဟုတ်ဘဲ စိတ်နှလုံးပျော်ရွှင်မှတ်သားဖွယ်ရာဖြစ်လာမည်။ လူ့လောကတွင် ရယ်မောစရာဖြစ်ရပ်မျိုးစုံသည် လူမှုရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ ပေါင်းသင်းဆက်ဆံရေးကဏ္ဍ စသည်တို့၌ စုံလင်စွာတွေ့နိုင်မည်ဖြစ်သည်။ "ပျော်ပျော်နေသေခဲ" ဟူသည့်စကားသည်လည်း ရယ်မောခြင်းကို အထောက်အကူပြု အားပေးလျက်ရှိသည်။ လူတစ်ဦးသည် တစ်နေ့လျှင် သုံးကြိမ်လောက်ပြုံးရယ်သင့်သည်။ သို့မှသာ လူ၏စိတ်မှာ နုပျိုလန်းဆန်းနေမည်ဖြစ်သည်။ ရယ်မောခြင်းသည် စိတ်ဖိစီးမှုကိုလည်း လျော့ပါးစေပါသည်။ လူတိုင်းလူတိုင်း ရယ်မောခြင်းကြောင့်ဖြစ်ပေါ်လာသော အကျိုးကျေးဇူးတို့မှာ စိတ်ပျော်ရွှင်လန်းဆန်းမှု၊ ပြုံးပျော်ရွှင်လန်းမှု၊ လူ့ဘဝ၏စိတ်ညစ်စရာ၊ ငြီးငွေ့စရာများ ပြေပျောက်မှု၊ အသက်ရှည်ကျန်းကျန်းမာမာ နေထိုင်ရမှု၊ အပျင်းပြေမှု စသည့်တို့ကြောင့် ရယ်စရာ၊ ရွှင်စရာစကားများကို ပြောဆိုကြရင်း စိတ်နှလုံးရွှင်ပြုံးနိုင်ကြပါစေဟု ဆုတောင်းမေတ္တာ ပို့သအပ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ တရားမဝင်ဓာတ်အားသုံးစွဲမှုမရှိစေရေး၊ မီတာယူနစ် မှန်ကန်မှုရှိစေရေး ကွင်းဆင်းစစ်ဆေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ

**မြစ်သား ဇွန် ၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ကူမဲမြို့ လျှပ်စစ်မန်နေဂျာ ဦးသန်းထွန်းအောင်က ဦးဆောင်၍ ဝန်ထမ်းများက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး တရားမဝင် ဓာတ်အားသုံးစွဲမှုမရှိစေရေး မီတာယူနစ်ဖတ်ချက် မှန်ကန်မှုရှိစေရေး ကွင်းဆင်းစစ်ဆေးခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ဇွန် ၅ ရက် နံနက်ပိုင်းက ကူမဲမြို့ ၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကူမဲမြို့ လျှပ်စစ်မန်နေဂျာရုံးဝန်ထမ်းများက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ တရားမဝင်ဓာတ်အားသုံးစွဲမှုမရှိစေရေး မီတာယူနစ်ဖတ်ချက် မှန်ကန်မှုရှိစေရေး ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် လျှပ်စစ်အန္တရာယ် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေရာတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရန်အတွက် ဓာတ်အားလိုင်းကြိုးများ ပြတ်ကျခြင်း၊ လျော့ကျခြင်း၊ ဓာတ်အားလိုင်းကြိုးများပေါ်သို့ သစ်ပင်များ၊ သစ်ကိုင်းများ လဲကျ၊ ကျိုးကျနေခြင်း၊ ဆားဗစ်ကြိုးများ ပေါက်ပြဲ ဟောင်းနွမ်းနေခြင်းဖြစ်ပါက ကိုင်တွယ်ခြင်းမပြုရန်၊ လျှပ်စစ်ရုံးသို့ အကြောင်းကြားပေးရန်နှင့် အိမ်သုံးလျှပ်စစ်ပစ္စည်းများ ကိုင်တွယ်အသုံးပြုရာတွင် ရေစိုလက်၊ ရေစိုဖိနပ်စီး၍ ကိုင်တွယ်အသုံးမပြုရန်တို့ပါရှိသော လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဝါဝါမြင့်(မြစ်သား)**

၀-၀-၀-၀-၀

၀-၀-၀

## ပြည်သူ့စာကြည့်တိုက်တွင် အသိပညာပေး ဆွေးနွေးပွဲ Talk Show ကျင်းပ

**တောင်တွင်းကြီး ဇွန် ၆**

ကျောက်ကပ်သည် ခန္ဓာကိုယ်အတွင်းရှိ အညစ်အကြေးများကို စစ်ထုတ်ပေးပြီး သွေးပေါင်ချိန်၊ ပိုတက်စီယမ်နှင့် PH အဆင့်များကို ထိန်းညှိပေးသည့် အရေးကြီးသော အင်္ဂါအစိတ်အပိုင်းတစ်ခုဖြစ်ကြောင်းနှင့် ကျောက်ကပ်မပျက်စီးစေရန် သိထားသင့်သောအချက်များ အကြောင်း အသိပညာပေးဆွေးနွေးပွဲ Talk Show ကို မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူဆက်ဆံရေး ဦးစီးဌာန၊ မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင် ယမန်နေ့ ညနေ ၃ နာရီက ကျင်းပခဲ့သည်။

ကျောက်ကပ်မပျက်စီးစေရန် သိထားသင့်သောအချက်များ အကြောင်း အသိပညာပေးဆွေးနွေးပွဲ Talk Show တွင် ပြန်ကြားရေးနှင့် ပြည်သူဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်နှင့် ကျွမ်းကျင်(၃) (ရုပ်၊ သံ)ဒေါ်မိုင်စန်းသီတာဌေးတို့က ကျောက်ကပ်မပျက်စီးစေရန် လိုက်နာရမည့်အချက်များ၊ ကျောက်ကပ် လုပ်ဆောင်ချက်သိရှိစေရန် ပုံမှန်ကျန်းမာရေးစစ်ဆေးမှုပြုလုပ်သင့်ပုံများ၊ ခန္ဓာကိုယ်အတွက် ကျောက်ကပ်၏ အရေးပါပုံများ၊ ကျောက်ကပ်ထိခိုက်စေနိုင်သော အချက်များနှင့် ကျောက်ကပ် ကျန်းမာနေစေရန် အဓိကလိုက်နာရမည့်အချက်များနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါ အသိပညာပေး ဆွေးနွေးပွဲ Talk Show အပြည့်အစုံကို တောင်တွင်းကြီးမြို့နယ် ပြည်သူ့စာကြည့်တိုက် page တွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နောင်နောင်(မိသနီး)**

## ကျွန်းလှမြို့နယ်၌ စားသုံးဆီများကို ဈေးနှုန်းသက်သာစွာ ရောင်းချ

**ကျွန်းလှ ဇွန် ၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ယနေ့ နံနက် ၉ နာရီက မြို့ပေါ်ရပ်ကွက်များ၌ ဈေးနှုန်းသက်သာစွာ ရောင်းချပေးခဲ့ကြောင်း သိရသည်။

အဆိုပါ စားသုံးဆီများကို မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းက ဦးဆောင်၍ ဌာနဆိုင်ရာများ၊ ပြည်သူများ စားဝတ်နေရေး အဆင်ပြေစေရန် အတွက် ပြင်ပတွင် စားသုံးဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀၀ ဈေးရှိချိန် တစ်ပိဿာ ငွေကျပ် ၉၀၀၀ ဖြင့် ဈေးနှုန်းသက်သာစွာ ရောင်းချပေးခဲ့သည်။

အဆိုပါ စားသုံးဆီ ရောင်းချခြင်းကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဘုန်းမြင့်နိုင်နှင့် အဖွဲ့ဝင်များ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**မျိုးဝင်းညို**



**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်းသိရသည်။

(မန္တလေးနေ့စဉ်)



မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် စည်သာယာရပ်နေ အလှူရှင် ဦးကျော်မြင့်(စာရေးဆရာ မောင်ကြွေးကျော်)မိသားစုတို့က ယမန်နေ့ နံနက်ပိုင်းတွင် ရပ်ကွက်အတွင်း စတုဒိသာ ဒံပေါက် အလှူနှင့် ကလေး ၁၀ ဦးအတွက် သင်ထောက်ကူပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တောင်ငူမြို့ရှိ ပြည်သူ့ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသူများအား စားသောက်ဖွယ်ရာပစ္စည်းများပေးအပ်စဉ်။

★ ရှေ့ဖုံးမှ
လိုက်လံကြည့်ရှုမေးမြန်းအားပေး စကားပြောကြားကာ စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ယခုဆေးရုံအား ခုတင်- ၃၀၀ အဆင့်ဆေးရုံအဖြစ် အဆင့်မြှင့်တင်ပေးသွားမည်ဖြစ်ကြောင်း၊ အခြား အခြေခံလိုအပ်ချက်နှင့် အထောက်အကူပြု ပစ္စည်းများကိုလည်း ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း၊ ဆေးရုံပတ်ဝန်းကျင်အတွင်း သန့်ရှင်းသာယာလှပစေရေး စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**ကြိုဆိုနှုတ်ဆက်**

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အဖွဲ့ဝင်များသည် တောင်ငူမြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဆေးရုံတွင် တက်ရောက် ကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာများရရှိခဲ့သော တပ်မတော်သားများအား တစ်ဦးချင်း လိုက်လံကြည့်ရှုအားပေး စကားပြောကြားပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာ ပစ္စည်းများ ပေးအပ်သည်။

**ပေးအပ်**

အလားတူ နိုင်ငံတော်သမ္မတ၏ ဇနီးနှင့် အဖွဲ့ဝင်များသည်လည်း ဆေးရုံတွင် တက်ရောက်ကုသမှုခံယူလျက်ရှိသည့် တပ်မတော်သားမိသားစုဝင်များ၏ ကျန်းမာရေးအခြေအနေများကို တစ်ဦးချင်း လိုက်လံကြည့်ရှုမေးမြန်းအားပေး စကားပြောကြားကာ စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ဆေးရုံအတွက်လိုအပ်ချက်များကို မေးမြန်းကာ လိုအပ်သည်များ လမ်းညွှန်မှာကြား ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

○ ရှေ့တန်းပြန်မှ
တိုင်းမှူး ဗိုလ်ချုပ် စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများ၊ ပြည်နယ်အစိုးရအုပ်ချုပ်ရေး အဖွဲ့ခွဲ (ရှမ်းအရှေ့)ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနေပြည်သူ့စစ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ ပါဝင်တက်ရောက် ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို အသက်ကို ပဓာနမထားဘဲ စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များ၊ အောင်ပန်းကုံးများဖြင့်လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုကြသည်။

ထို့နောက် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ သတင်းစဉ်

## ၁၁/၀.၄ကေဗွီ (၃၁၅) ကေဗွီအေ ထရန်စဖော်မာနစ်လုံးအား ဝန်အားမျှကူနိုင်ရန်အတွက် ၁၁/၀.၄ ကေဗွီ (၃၁၅)ကေဗွီအေ ထရန်စဖော်မာတစ်လုံး ထပ်မံတပ်ဆင်

**ချမ်းမြသာစည် ဇွန် ၆**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်ရှိ အများပြည်သူများ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှု တိုးတက်ကောင်းမွန်စေရေးနှင့် ဌာနပိုင် ထရန်စဖော်မာများ လောင်ကျွမ်းမှု မဖြစ် ပေါ်စေရေးတို့အတွက် ရက်(၁၀၀)စီမံချက်အနေဖြင့် ယနေ့နံနက်ပိုင်းက ၆၁လမ်းနှင့် ၁၁၂လမ်းထောင့်ရှိ ၁၁/၀.၄ ကေဗွီ(၅၀၀)ကေဗွီအေ ထရန် စဖော်မာနှင့် ၆၁လမ်းနှင့် ၁၁၃လမ်းထောင့်ရှိ ၁၁/၀.၄ကေဗွီ (၃၁၅) ကေဗွီအေ ထရန်စဖော်မာနှစ်လုံးတို့အား ဝန်အားမျှကူနိုင်ရန်အတွက် လမ်း ၆၀နှင့် ၁၁၂ လမ်းထောင့်တွင် ၁၁/၀.၄ ကေဗွီ (၃၁၅) ကေဗွီအေ ထရန်စဖော်မာတစ်လုံး ထပ်မံတပ်ဆင်ခဲ့သည်။

အဆိုပါ ထရန်စဖော်မာတစ်လုံး ထပ်မံတပ်ဆင်ခြင်းအား တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထင်ဇော်ဦးနှင့် အဖွဲ့ဝင်များ၊ ချမ်းမြသာစည် မြို့နယ်လျှပ်စစ် မန်နေဂျာရုံးမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**အလင်းသစ်**
**(ချမ်းစည် ပြန်/ဆက်)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေးပွဲ ကျင်းပ

**ဟိုပုံး ဇွန် ၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းသုံးသပ်ဆွေးနွေးပွဲကို ဇွန် ၁ ရက် နံနက် ၁၁ နာရီက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်လွင်လွင်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလွင်မြင့်က မြစိမ်းရောင်ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေးပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ရက်(၁၀၀)စီမံချက်ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ဆောင်ရွက်မည့် လွယ်အွန့်ကျေးရွာအား ရန်ပုံငွေနှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းတွင် ပထမဆုရရှိသော လွယ်အွန့်ကျေးရွာအုပ်စု၊ ရန်ကင်းကျေးရွာကိုလည်းကောင်း၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီတာဦးက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းတွင် ဒုတိယဆုရရှိသော ပေါင်လင်းကျေးရွာအုပ်စု၊ ဇန့်ပိန်းချင်းကုန်းကျေးရွာကိုလည်းကောင်း၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာကျော်ကျော်လွင်က ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းတွင် တတိယဆုရရှိသော ပေါင်လင်းကျေးရွာအုပ်စု၊ သာယာကုန်းကျေးရွာကိုလည်းကောင်း ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြပြီး ကျေးရွာကော်မတီဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်နေမှုအခြေအနေများအား ပြန်လည်ဆန်းစစ်သုံးသပ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ (၃၆၈)

## စာကြည့်တိုက်များသို့ စာအုပ်များလှူဒါန်း

**မန္တလေး ဇွန် ၆**

မန္တလေး၊ နန်းတော်ရှေ့ အိမ်ရာဝင်းရှိ စာပေတင်းကုပ်စာပေရေနွေးကြမ်းဝိုင်းကို အပတ်စဉ် ကျင်းပလျက်ရှိသည်။

ကဗျာဆရာ မောင်ကြည်သာ (တောင်တွင်း)သည် မေ ၃၁ ရက်တွင် နန်းတော်ရှေ့ စာပေတင်းကုပ် စာပေရေနွေးကြမ်းဝိုင်းသို့ လာရောက်ပြီး မန္တလေးမြို့ မှ ဗြဟ္မစိုရ်စာကြည့်တိုက် ရွှေဥဒေါင်း မီးရထားစာကြည့်တိုက်၊ အလင်းရောင်စာကြည့်တိုက်နှင့် ပုသိမ်ကြီးမြို့မှ မြို့မစာကြည့်တိုက်၊ ဘဝအသိစာကြည့်တိုက်များသို့ ၄င်းရေးသားသည့် "ပွင့်တူရွက်တူ" (၂၀၂၄)၊ "ချစ်မိသည့်ဝန်၊ ပြောမိသည့်ဝန်တာ" (၂၀၂၄) နှင့် "ဖျတ်ခနဲကောက်ကြောင်း" (၂၀၂၅)၊ ဆောင်းပါးပေါင်းချုပ် စာအုပ် သုံးအုပ်ကို လှူဒါန်းခဲ့သည်။ ဇွန် ၂ ရက်တွင် စာပေတင်းကုပ်မှ ဆရာအောင်တင်ဝင်း (ငါ့သရောက်)နှင့် ဆရာစောချိုသာတို့က အလှူရှင်ကိုယ်စား သက်ဆိုင်ရာစာကြည့်တိုက်များ သို့ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

(ကဆ)



ကျန်းမာ စိတ်ရွှင်
ကြည်လင်ချင်
အချိန်ရှိခိုက် သစ်ပင်စိုက်။

### ယာဉ်မောင်းသူများ လိုက်နာရန်

- မြို့တွင်းတစ်နာရီ ၄၈ (ကီလိုမီတာ)အတွင်း ယာဉ်များမောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- အရက်သောက်လျှင် (လုံးဝ) ကားမမောင်းရ၊ ဆိုင်ကယ်မစီးရ။
- ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်းကြရန်။
- (မီးနီ၊ မီးဝါ)လုံးဝ ဖြတ်မမောင်းရ၊ မစီးရ။

မန္တလေးတိုင်းဒေသကြီးယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တောင်ငူဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ သွားရောက်ကြည့်ရှုစစ်ဆေး၊ လိုအပ်သည်များ လမ်းညွှန်မှာကြား



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား တောင်ငူမြို့ရှောင်ရထားလမ်းနှင့် တောင်ငူဘူတာအသစ် ဆောက်လုပ်မည့်နေရာနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက ရှင်းလင်းတင်ပြစဉ်။

နေပြည်တော် ဇွန် ၆

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် ဇနီး ဒေါ်ကြူကြူလှ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ပြည်ထောင်စု ဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဦးမင်းနောင်၊ ဦးမျိုးဇော်သိမ်း၊ ဦးမျိုးသန့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါ၍ တောင်ငူဒေသဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

### နေပြည်တော်-တောင်ငူ မီးရထားလမ်းပိုင်း အဆင့်မြှင့်တင်ထားရှိမှု

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် နေပြည်တော် ပျဉ်းမနားဘူတာမှ RBE အထူးရထားတွဲဖြင့် လိုက်ပါစီးနင်း၍ နေပြည်တော်-တောင်ငူ မီးရထားလမ်းပိုင်း အဆင့်မြှင့်တင်ထားရှိမှု၊ မီးရထားလမ်းပိုင်း တစ်လျှောက် သန့်ရှင်းသာယာ လှပရေးနှင့် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှု၊ စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု၊ ဘူတာအဝင်၊ အထွက်နေရာများ စနစ်တကျရှိစေရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် မီးရထားပို့ဆောင်ရေး လုပ်ငန်း ဥပဒေနှင့်အညီ စနစ်တကျ ထိန်းသိမ်း ဆောင်ရွက်သွားရန် လိုကြောင်း၊ အသုံးပြုခြင်းမရှိသည့် မီးရထားသံလမ်းများအား ပြန်လည်ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ရထားသွားလာရေးစနစ်တွင် လမ်းများသည် အဓိကကျသည့်အတွက် လမ်းများ ကောင်းမွန်အောင် အလေးထား ဆောင်ရွက်သွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက်တောင်ငူဘူတာသို့ ရောက်ရှိကြရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

### တောင်ငူမြို့ရှောင် ရထားလမ်းဖောက်လုပ်နေမှု

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည်တောင်ငူမြို့ရှောင် ရထားလမ်းနှင့် တောင်ငူဘူတာအသစ် ဆောက်လုပ်မည့် နေရာအား သွားရောက်ကြည့်ရှုစစ်ဆေးရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်သမ္မတက မြို့ရှောင်ရထားလမ်း ဖောက်လုပ်ရာတွင် ရေထွက်ပေါက်များနှင့် ရထားလမ်းတာပေါင်များ စနစ်တကျဖြင့် ခိုင်ခိုင်ခံ့ခံ့ဖြစ်စေရေး ဆောင်ရွက်ရန်၊ ဘူတာသစ်ဆောက်လုပ်ရာတွင်လည်း နောင်တစ်ချိန်တွင် ဖြစ်ပေါ် တိုးတက်လာနိုင်သည့် မီးရထားခရီးစဉ်များနှင့် ခရီးသွားဦးရေကို ကြိုတင်တွက်ဆ၍ တွက်ချက် တည်ဆောက်သွားရန် လိုပြီး မီးရထားစကြံများနှင့် မီးရထားယာဉ်ဝန်းများကိုလည်း စနစ်တကျ တည်ဆောက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

### တောင်ငူခရိုင် အားကစားကွင်း အဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်နေမှု

ဆက်လက်၍ တောင်ငူခရိုင် အားကစားကွင်းသို့ ရောက်ရှိကြရာ အားကစားရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က တောင်ငူ အားကစားကွင်းကို အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်သမ္မတက အားကစားကွင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့တွင် နေထိုင်သည့် လူဦးရေ၊ လာရောက်ကြည့်ရှုမည့် ပွဲကြည့်သူဦးရေတို့အပေါ် မူတည်တွက်ချက်၍ ၎င်းနှင့် ကိုက်ညီမည့် အဆင့်မီသည့် ပွဲကြည့်စင်များဖြစ်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ထို့ပြင် နောင်တွင် တိုးတက်ဖြစ်ပေါ်လာမည့် လူဦးရေနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်မှုနှင့် ကိုက်ညီစွာ တိုးချဲ့ အဆင့်မြှင့်တင်နိုင်ရေး အတွက်လည်း ကြိုတင်ထည့်သွင်းစဉ်းစား ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အားကစားကွင်း အဆင့်မြှင့်တင် ဆောင်ရွက်သွားနိုင်ရေး အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် တောင်ငူမြို့ အားကစားကွင်းနှင့် ပွဲကြည့်စင်ကို ကြည့်ရှုစစ်ဆေးပြီး အဆင့်မြှင့်တင် ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

### ကေတုမတီ မြို့ဟောင်းနှင့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ပြန်လည်ဖော်ထုတ် ထိန်းသိမ်းရေး

ထို့နောက် ကေတုမတီမြို့ဟောင်း ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များနှင့် မြို့ရိုး၊ ကျုံးနှင့် နန်းတော်ရာ ပြန်လည်ဖော်ထုတ် ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ဦးစွာ နိုင်ငံတော်သမ္မတသည် တောင်ငူ ကေတုမတီနန်းမြို့တော်နှင့် နန်းတော်ရာဟောင်း ဖော်ထုတ်ထိန်းသိမ်းခြင်း ဆောင်ရွက်နေမှု၊ အနောက်ဘက်မြို့ရိုး စင်တံခါးအနီး မြို့ရိုးဖော်ထုတ်ထိန်းသိမ်းခြင်းဆောင်ရွက်နေမှု၊ မြောက်ဘက်ကျုံးနေရာတွင် ကျုံးမြို့ရိုးနှင့် နံ့ကျုံးများ တူးဖော်ထားရှိမှု၊ ရေကျုံးနံရံပြုပြင်ထိန်းသိမ်းခြင်းနှင့် ကျောက်စီထားရှိမှု၊ ကျုံးရိုးလျှောက်လမ်းများ လက်ရန်းတပ်ဆင်ခြင်း၊ ကွန်ကရစ်ဘလောက်တုံးခင်းခြင်း၊ မြေယာရှင်းလုပ်ဆောင်ခြင်းများ ဆောင်ရွက်ထားရှိမှုတို့ကို နေရာတစ်ခုချင်းစီအလိုက် လိုက်လံကြည့်ရှုစစ်ဆေးရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက မိမိတို့၏သမိုင်းကြောင်းအရ အထင်ကရရှိခဲ့သည့် ဘုရင့်နန်းတော်များ၊ နန်းမြို့ရိုးများနှင့် ကျုံးများသည် တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းအမွေအနှစ်များ ဖြစ်သည့်အတွက် တတ်စွမ်းသမျှ ဖော်ထုတ်ထိန်းသိမ်းစောင့်ရှောက်သွားနိုင်ရန်လိုကြောင်း၊ နိုင်ငံတော်၏ သမိုင်းကြောင်းဆိုင်ရာ အထောက်အထား များကို ဖော်ထုတ်ကာကွယ် ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် နိုင်ငံ၏ တန်ဖိုးပင်ဖြစ်ကြောင်း၊ ကေတုမတီနန်းတော်ရာ၊ မြို့ရိုးနှင့်ကျုံးတို့သည် ဒဏ္ဍာရီမဟုတ်ဘဲ အမှန်တကယ်ရှိခဲ့သည့် သမိုင်းကြောင်း အစဉ်အလာ ကြီးမားခဲ့သည့် ရှေးဟောင်းအမွေအနှစ် တစ်ခုဖြစ်သည့်အတွက် စနစ်တကျ

စာမျက်နှာ ၅ သို့ ✪





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တောင်ငူခရိုင် အားကစားကွင်းကို ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကေတုမတီမြို့ဟောင်း ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များနှင့် မြို့ရိုး၊ ကျုံးနှင့် နန်းတော်ရာ ပြန်လည်ဖော်ထုတ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

✪ စာမျက်နှာ ၄ မှ

သုတေသနပြုလုပ်၍ ဖော်ထုတ်ထိန်းသိမ်းခြင်းများ ဆောင်ရွက်သွားရန်လိုကြောင်း၊ ရှေးဟောင်းအမွေအနှစ်နေရာများကို ဥပဒေနှင့်အညီ ကာကွယ်ထိန်းသိမ်းဆောင်ရွက်သွားရန် လိုကြောင်း၊ ကျုံးကူးတံတားများနှင့် ဆက်စပ်လျက်ရှိသည့်လမ်းများ ပြန်လည်ဖော်ထုတ် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရှေးမူမပျက် မူလပုံစံများအတိုင်း ဖြစ်ရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲမှုရှိရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားပြီး ကေတုမတီ နန်းမြို့ရိုးတစ်လျှောက် မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ တောင်ငူမြို့နယ် နှစ်ဆောင်မြိုင်ကျေးရွာ အနီး၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ နွေစပါးစံကွက်ရိတ်သိမ်းခြင်း ဆောင်ရွက်နေမှု၊ သီးနှံပင်များအတွက် အလွယ်တကူ သုံးစွဲနိုင်သည့် တန်ဖိုးနည်း သဘာဝပိုးသတ်ဆေးနှင့် အာဟာရဖျော်ရည်များ ထည့်သွင်း၍ မြေပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် စပါးခွံမီးသွေးထုတ်လုပ်မှု သရုပ်ပြသခြင်း ဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုကာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် လာရောက်လေ့လာကြသည့် တောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို မေးမြန်းအားပေးစကား ပြောကြားပြီး မျိုးစပါးများရရှိရေး၊ ပန်းတိုင်အထွက်နှုန်းများ ရရှိစေရေး၊ သီးထပ်စွမ်းအားများ ကောင်းမွန်မှုရှိစေရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးအကြံပြု ပြောကြားသည်။



ကေတုမတီမြို့ဟောင်းကျုံး ပြန်လည်ဖော်ထုတ်ထိန်းသိမ်းထားမှုကို တွေ့ရစဉ်။

## တောင်ငူခရိုင် ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးမှာကြား

ထို့နောက် နိုင်ငံတော်သမ္မတသည် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား နယ်မြေခံလေတပ်ဧည့်ခန်းမဆောင်၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ မိုးစပါးစိုက်ပျိုးရေး ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များအပေါ် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ကွက်များအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု၊ တောင်ငူခရိုင်အတွင်းနှစ်အလိုက် မိုးရွာသွန်းမှုအခြေအနေများ၊ စိုက်ပျိုးမြေများအား စနစ်တကျအသုံးချ ဆောင်ရွက်လျက်ရှိမှု၊ သီးထပ်စွမ်းအားနှင့် သီးနှံစိုက်စွမ်းအား တိုးတက်စေရေး စိုက်ပျိုးလျက်ရှိမှု၊ တစ်ဧကပန်းတိုင်အထွက်နှုန်း ရရှိအောင် စိုက်ပျိုးဆောင်ရွက်နိုင်မှု၊ မိုးသီးနှံများစိုက်ပျိုးလျက်ရှိမှု၊ ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေး ကြိုတင်ဆောင်ရွက်လျက်ရှိမှု၊ တိုင်းဒေသကြီးအတွင်း ဒေသဝမ်းစာဖူလုံမှု၊ ရေဆင်းပေါ်ဆန်းစပါးစိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိမှု၊ ဆီထွက်သီးနှံများ ပိုမိုစိုက်ပျိုးနိုင်မှုနှင့် ဆီဖူလုံမှုများ တိုးတက်လာမှု၊ ပဲစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်လာမှု၊ ရှိဘက်စတာကော်ဖီများ စိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ဟင်းသီးဟင်းရွက်များနှင့် တစ်အုပ်တစ်မစိုက်ခင်းများ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု၊ သဘာဝမြေဩဇာများ ထုတ်လုပ်လျက်ရှိမှု၊ စာမျက်နှာ ၆ သို့ ✪




ကေတုမတီနန်းမြို့တော်နှင့် နန်းတော်ရာဟောင်း ပြန်လည်ဖော်ထုတ်ထိန်းသိမ်းမှု မှတ်တမ်းများ။





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တောင်ငူမြို့နယ် နှစ်ဆောင်မြိုင်ကျေးရွာအနီး၌ စိုက်ပျိုးရေးဦးစီးဌာနမှ တန်ဖိုးနည်းသဘာဝပိုးသတ်ဆေးနှင့် အာဟာရဖျော်ရည်များ ထည့်သွင်း၍ မြေပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တောင်ငူခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံဆွေးနွေးမှာကြားစဉ်။

❂ စာမျက်နှာ ၅ မှ

Drum Seeder များ ထုတ်ပေးထားရှိမှု၊ မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ဒေသကြက်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ဒေသအလိုက် အသားဖူလုံမှု၊ MSME လုပ်ငန်းများမှထွက်ရှိသည့် ထုတ်ကုန်များအား ပြည်ပသို့ တင်ပို့နိုင်မှု၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်လျက်ရှိမှု၊ ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ ကျေးလက်လူမှုစီးပွားဘဝတိုးတက်ရေး လုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ ၂၀၂၆-၂၀၂၇ ခုနှစ်အတွင်း မိုးသီးနှံများ စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိမှု၊ မိုးရာသီအတွင်း စပါးအမျိုးအစားများအလိုက် စိုက်ပျိုးလျက်ရှိမှု၊ မြေဆီလွှာဖွံ့ဖြိုးရေးလုပ်ငန်း ဖြစ်ထွန်းအောင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်သမ္မတက စိုက်ပျိုးရေးလုပ်ငန်းများအတွက် စက်ယန္တရားများအသုံးပြု၍ ကောက်များဖော်ဆောင်ပြီး ဆောင်ရွက်မည်ဆိုပါက များစွာအထောက်အကူပြုမည်ဖြစ်သဖြင့် တောင်သူများအား စည်းရုံးဆောင်ရွက်သွားရန် လိုကြောင်း၊ ကော်ဖီစိုက်ပျိုးရာတွင် ကော်ဖီသည် တိုင်းပြည်အတွက် ထုတ်ကုန်အဖြစ် ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်သဖြင့် ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက များစွာအကျိုး ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က တောင်ငူမြို့ မြို့သစ်ဖော်ဆောင်ရေးအတွက် Town Plan ရေးဆွဲဆောင်ရွက်ထားရှိမှု၊ မြို့သစ်စီမံကိန်းအတွင်း မီးရထားလမ်းအသစ် ဖောက်လုပ်ရေး ဆောင်ရွက်ထားရှိမှု၊ အုပ်ချုပ်မှုဆိုင်ရာ အစိုးရရုံးဌာနများ၊ ဆေးရုံများ၊ စာသင်ကျောင်းများ၊ ဝန်ဆောင်မှုဆိုင်ရာ နေရာများ၊ အပန်းဖြေရန်နေရာများ၊ စိမ်းလန်းနေရာများ ထည့်သွင်းဆောင်ရွက်ထားရှိမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြား**

ယင်းနောက် နိုင်ငံတော်သမ္မတက တောင်ငူဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားရာတွင် မိမိအနေဖြင့် တောင်ငူခရိုင်ကို အထူးဖွံ့ဖြိုးရေးဇုန်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး နေပြည်တော်နှင့် ဆက်စပ်၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဖော်ဆောင်ပေးလျက်ရှိကြောင်း၊ တောင်ငူဒေသကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းအားဖြင့် ဒေသနှင့်ဆက်စပ်လျက်ရှိသည့် အခြားဒေသများမှ သူများသည်လည်း မိမိတို့ဒေသအတွက် ကြိုးစားလိုစိတ်များဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ တောင်ငူဒေသတွင် နေထိုင်သူများအနေဖြင့် မိမိတို့ဒေသအား ဖွံ့ဖြိုးတိုးတက်မှုရှိစေရေး မည်ကဲ့သို့ဆောင်ရွက်သွားမည်ကို စဉ်းစားဆောင်ရွက်သွားနိုင်ရန်ဖြစ်ကြောင်း၊ တောင်ငူဒေသတွင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အဓိကဆောင်ရွက်နေကြခြင်း ဖြစ်သော်လည်း ရေရှည်တွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်း၊ MSME လုပ်ငန်းများကို အားပေးဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ ဒေသအလိုက် ဒေသတွင်း စားရေးဖူလုံမှုအပြင် ပြင်ပသို့ရောင်းချနိုင်ရေးအတွက်လည်း ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ စိုက်ပျိုးရေးကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်သွားခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း။

> ✳ **တောင်ငူဒေသတွင် ဆန်ဖူလုံမှုရှိပြီးဖြစ်သည့်အတွက် ဆန်ထုတ်လုပ်ခြင်းမှ ရရှိလာသည့် ဖွဲ၊ ဆန်ကွဲများကို အသုံးပြု၍ တိရစ္ဆာန်အစာများထုတ်လုပ်ခြင်း၊ ဖွဲနုဆီထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားနိုင်ကြောင်း၊ ဒေသ၏ အခြေခံအရင်းအမြစ်ကောင်းများကို အသုံးချ၍ ရေကြီးရေနက်ကွင်းများ၌လည်း ငါးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကေတုမတီမြို့သစ် ကျွန်းကုန်းကျေးရွာရှိ ရွှေဝါကြက်မွေးမြူရေးခြံတွင် ကြည့်ရှုစစ်ဆေးစဉ်။

တောင်ငူဒေသတွင် ဆန်ဖူလုံမှုရှိပြီးဖြစ်သည့်အတွက် ဆန်ထုတ်လုပ်ခြင်းမှ ရရှိလာသည့် ဖွဲ၊ ဆန်ကွဲများကို အသုံးပြု၍ တိရစ္ဆာန်အစာများ ထုတ်လုပ်ခြင်း၊ ဖွဲနုဆီထုတ်လုပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားနိုင်ကြောင်း၊ ဒေသ၏ အခြေခံအရင်းအမြစ်ကောင်းများကို အသုံးချ၍ ရေကြီးရေနက် ကွင်းများ၌လည်း ငါးမွေးမြူရေး လုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်ကြောင်း၊ ထိုမှတစ်ဆင့် ငါးကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်ကြောင်း၊ အလားတူ ကြက်၊ ဘဲ၊ ဆိတ်၊ ဝက်၊ နွားတို့ကို တိုးချဲ့မွေးမြူခြင်းအားဖြင့်လည်း ဒေသတွင်း မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း၊ ဒေသတွင်းစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ခြင်းအားဖြင့် အသား၊ ငါး၊ ဥအမျိုးမျိုးနှင့် နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ အခြေခံစားကုန်ပစ္စည်းများကို ဒေသတွင်း နေထိုင်သူများအနေဖြင့် ဈေးနှုန်းသက်သာစွာဖြင့် ပြည့်ဝစွာ စားသုံးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ယခုထက် ပိုမိုတိုးတက်လာအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ပတ်သက်သည့် အသိပညာရှင်၊ အတတ်ပညာရှင် လူသားအရင်းအမြစ်ကောင်းများ လိုအပ်မည်ဖြစ်ကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အခြေခံကိန်းဂဏန်းအချက်အလက်များ အပေါ်တွင်မူတည်၍ စီမံကိန်းများ၊ စီမံချက်များ ရေးဆွဲဆောင်ရွက်ရသည်ဖြစ်သဖြင့် ဒေသအလိုက်မှလည်း အခြေခံအချက်အလက်များကို မှန်မှန်ကန်ကန်ပြုစုတင်ပြကြရန်လိုကြောင်း၊ ထို့ပြင် မိမိတို့နိုင်ငံ၌ မြေကိုအကျိုးရှိရှိအသုံးပြုသွားရန်လိုပြီး မိမိတို့ဒေသအလိုက် ပိုင်ဆိုင်ထားရှိပြီးဖြစ်သည့် ရေခံမြေခံကောင်းများနှင့် အခြေခံကောင်းများကို ထိထိရောက်ရောက်နှင့် မှန်မှန်ကန်ကန် အသုံးချသွားကြရန် လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်မည်ဆိုပါကလည်း စိုက်ဧကတိုးချဲ့ခြင်းထက် ရှိပြီးဖြစ်သည့် စိုက်ဧကများတွင် ပန်းတိုင်အထွက်နှုန်းများ ရရှိစေရေး၊ သီးထပ်စွမ်းအားပြည့်မီမှုရှိစေရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စိုက်ပျိုးရေး လုပ်ငန်းများအတွက် လိုအပ်သည့် စိုက်ပျိုးရေနှင့် အောင်ရေများ ပြည့်ပြည့်ဝဝ ရရှိရေးအတွက်လည်း ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် မြစ်များ၊ ချောင်းများကို စနစ်တကျထိန်းသိမ်းရန် လိုအပ်ချက်များရှိခဲ့သဖြင့် ယခုအခါ မြစ်ချောင်းများ တိမ်ကောခြင်း၊ နုန်းပို့ချမှုများပြားလာခြင်းများ၊ ရေအရင်းအမြစ် လျော့နည်းလာခြင်းများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ မြစ်ချောင်းများရေစီးဆင်းမှု ပြန်လည်ကောင်းမွန်ရေး ပြန်လည် ထိန်းသိမ်းသွားရန်လိုကြောင်း၊ သို့ဖြစ်၍ မိမိတို့တာဝန်ယူထားရသည့် ကဏ္ဍများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရသည့် ကိစ္စရပ်မှန်သမျှကို ဒေသအတွက်၊ နိုင်ငံ့အတွက် ရေရှည်အကျိုးကို မြော်တွေး၍ ဆောင်ရွက်သွားကြရန်လိုကြောင်း။

ထို့ပြင် အနာဂတ်ကာလတွင် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တစ်ရပ်ကို ပုံဖော်တည်ဆောက်ရာ၌ ပညာတတ်လူသားအရင်းအမြစ်များဖြင့်သာ တည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်တွင် ပညာတတ် လူသားအရင်းအမြစ်များ လျော့နည်းလာခြင်းသည် နိုင်ငံ့အနာဂတ်အတွက် မည်ကဲ့သို့မျှ ကောင်းမွန်မှုမရှိသည်ကို သတိပြုကြရန်လိုကြောင်း၊ ထို့ကြောင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများအနေဖြင့် မိမိတို့ဒေသအလိုက် ကျောင်းနေအရွယ် ကလေးများအားလုံး ပညာသင်ကြားနိုင်ရေး အလေးထားတိုက်တွန်း အားပေးဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပညာရေးကောင်းမွန်မှုရှိမှသာလျှင် ကလေးငယ်များ၏ အနာဂတ်ဘဝလမ်းကို ကောင်းမွန်စွာဖြတ်သန်းနိုင်မည်ဖြစ်သည်ကို အသိပညာပေး ဟောပြောခြင်းများဖြင့် စည်းရုံးဆောင်ရွက်သွားကြရန်လိုကြောင်း၊

မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားတိုးတက်စေရေးအတွက် ဆောင်ရွက်ရာတွင် ပြည်သူလူထုအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရန်နှင့် အမှန်တကယ် အလုပ်လုပ်ကိုင်နိုင်ရန် လိုကြောင်း၊ အလုပ်အကိုင် အခွင့်အလမ်းများရရှိပြီး အလုပ်လုပ်နိုင်မှသာလျှင် ဝင်ငွေရရှိနိုင်မည်ဖြစ်ကာ လူတစ်ဦးချင်းစီအလိုက်မှစ၍ ဒေသအလိုက်၊ ခရိုင်အလိုက် စီးပွား ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ၎င်းမှတစ်ဆင့် နိုင်ငံ့စီးပွားသည်လည်း တိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အလုပ်လုပ်ကိုင်နိုင်စေရေးအတွက် လက်ရှိနိုင်ငံတကာတွင် ဖြစ်ပေါ်ကြုံတွေ့ရလျက်ရှိသည့် စက်သုံးဆီအခက်အခဲများ အပါအဝင် အခြားအခြေခံလိုအပ်ချက်များကိုလည်း တတ်နိုင်သရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သို့ဖြစ်၍ အလုပ်လုပ်ကိုင်နိုင်ရေး ဖြည့်ဆည်းပေးမှုများကို အကျိုးရှိရှိနှင့် စနစ်တကျ အသုံးချနိုင်ရန်လိုကြောင်း၊ အမှန်တကယ်လိုအပ်သည်မှာ အလုပ်လုပ်ကြရန်နှင့် မိမိအတွက်၊ ဒေသအတွက်၊ နိုင်ငံတော်အတွက် အလုပ်လုပ်ကိုင်လိုစိတ်များရှိကြရန်ပင်ဖြစ်ကြောင်း၊ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဖြစ်ပေါ်ကြုံတွေ့လာနိုင်သည့်အခက်အခဲ၊ အကျပ်အတည်းမှန်သမျှကိုလည်း ဖြေရှင်းနိုင်ရေး စဉ်ဆက်မပြတ် လေ့လာသွားကြရန်လိုကြောင်း။

မိမိအနေဖြင့် တောင်ငူ၊ နေပြည်တော်၊ ရမည်းသင်း၊ မိတ္ထီလာဒေသတို့ကို အထူးဖွံ့ဖြိုးရေး ဒေသများအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် ရည်မှန်းချက်ထား၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုဒေသများမှတစ်ဆင့် အခြားမြို့များကိုလည်း စာမျက်နှာ ၇ သို့ ❂

စာမျက်နှာ ၆ မှ

ဆင့်ကဲ အထူးဖွံ့ဖြိုးတိုးတက်သောဒေသများအဖြစ် ဖြစ်ပေါ်လာစေရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ သို့ဖြစ်၍ တောင်ငူ၊ နေပြည်တော်၊ ရမည်းသင်း၊ မိတ္ထီလာဒေသတို့အနေဖြင့် စံနမူနာပြ အထူးဖွံ့ဖြိုးရေးဒေသများအဖြစ် ဖြစ်ပေါ်လာစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ နိုင်ငံတော်၏ အထက်ပိုင်း၊ အောက်ပိုင်း၊ အရှေ့ပိုင်း၊ အနောက်ပိုင်း စသည့်ဒေသများသို့ လက်လှမ်းမီ ချိတ်ဆက်နိုင်သည့် အလယ်ဗဟိုချက်နှင့် မြေလတ်ဒေသများ ဖြစ်သည့်အတွက်လည်း အောင်မြင်နိုင်မည့် ရေခံမြေခံနှင့် အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီး ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများ အနေဖြင့်လည်း မိမိတို့ကွပ်ကဲမှု လက်လှမ်းမီရာ ဒေသများအလိုက်ဖွံ့ဖြိုးတိုးတက်မှု ပိုမိုအားကောင်းလာစေရေး စနစ်တကျစီမံဆောင်ရွက်သွားကြရန် လိုကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းရွက်နေရသည့်ကာလအတွင်း မှတ်ကျောက်တင်ခံနိုင်သည့် အစိုးရတစ်ရပ်ဖြစ်စေရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးကို ဖော်ဆောင်ပေးနိုင်သည့် အစိုးရတစ်ရပ်ဖြစ်စေရေး ကြိုးစားဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ကေတုမတီမြို့သစ် ကျွန်းကုန်းကျေးရွာရှိ ရွှေဝါကြက်မွေးမြူရေးခြံသို့ ရောက်ရှိရာ လုပ်ငန်းရှင် ဦးရဲဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ကြက်ခြံအတွင်း ဥစားကြက်များ မွေးမြူထားရှိမှု၊ ဒေသတွင်းမှ ထွက်ရှိသည့် ကုန်ကြမ်းများကို အခြေခံ၍ ကြက်စာအဖြစ် ထုတ်လုပ်ကျွေးမွေး၍ မွေးမြူလျက်ရှိမှု၊ ကြက်ခြံတွင် အသုံးပြုလျက်ရှိသည့် Evaporated cooling system (အအေးပေးစနစ်) အတွက် လိုအပ်သော လျှပ်စစ်ဓာတ်အားများကို နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားများဖြင့် အသုံးပြုဆောင်ရွက်လျက်ရှိမှုနှင့် ဈေးကွက်ရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် Evaporated cooling system (အအေးပေးစနစ်)ဖြင့် ဥစားကြက်များ မွေးမြူထားရှိမှုကို လှည့်လည်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များ မေးမြန်းပြီး လိုအပ်သည်များကို အကြံပြုဆွေးနွေးသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ကျွန်းကုန်းဘူတာမှ RBE အထူးရထားဖြင့် နေပြည်တော်သို့ ပြန်လည်ထွက်ခွာခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# (၁၀)ကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသ ငှက်ဖျားရောဂါကင်းစင်ပပျောက်ရေးဆိုင်ရာ ခေါင်းဆောင်များအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်

နေပြည်တော် ဇွန် ၆

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ဇွန် ၅ ရက်က လာအိုနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနနှင့် Asia Pacific Leaders Malaria Alliance (APLMA) တို့ ပူးပေါင်းကျင်းပသည့် (၁၀) ကြိမ်မြောက် ငှက်ဖျားရောဂါပပျောက်ရေးဆိုင်ရာ အာရှ-ပစိဖိတ်ဒေသခေါင်းဆောင်များ အစည်းအဝေးသို့ တက်ရောက်သည်။




ဖွင့်ပွဲအခမ်းအနားတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E Mr Sonexay Siphandone က အဖွင့်အမှာစကား ပြောကြားပြီး လာအိုနိုင်ငံ ကျန်းမာရေးဝန်ကြီး H.E Madam Baykham Khattiya နှင့် ပြည်ထောင်စုဝန်ကြီးတို့က ၂၀၃၀ ပြည့်နှစ် ငှက်ဖျားရောဂါကင်းစင်ပပျောက်ရေးဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ ရရှိထားသည့် အောင်မြင်မှုများ၊ တွေ့ကြုံလာရသည့် စိန်ခေါ်မှုအသစ်များ၊ မဟာမဲခေါင်ဒေသခွဲ နိုင်ငံများအချင်းချင်း၊ အထူးသဖြင့် နယ်နိမိတ်ထိစပ်လျက်ရှိသည့် အိမ်နီးချင်းနိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်နိုင်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ အကြံပြုချက်များနှင့် ဆောင်ရွက်သင့်သည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် GMS Malaria Elimination in 2030: Celebrating Progress and Acknowledging the Need for a Differentiated Approach ခေါင်းစဉ်ဖြင့် ကျင်းပသည့် High-level Round-table Discussion သို့ မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့် ကျန်းမာရေးအရာရှိကြီးများ၊ APLMA မှ တာဝန်ရှိသူများ၊ ငှက်ဖျားရောဂါကာကွယ်တိုက်ဖျက်ရေးနှင့် ငှက်ဖျားရောဂါပပျောက်ရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့်အတူ တက်ရောက်၍ မြန်မာနိုင်ငံ၏ ၂၀၃၀ ပြည့်နှစ် ငှက်ဖျားရောဂါပပျောက်ရေးဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ ရှေ့ဆက်လက်ဆောင်ရွက်သင့်သည့်ကိစ္စရပ်များအား ရှင်းလင်းဆွေးနွေးပြောကြားသည်။

ယင်းနောက် မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်ကိုယ်စားလှယ်များက ၂၀၁၈ ခုနှစ်က နေပြည်တော်တွင် လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့သည့် Joint Call to action to Malaria Elimination in the Greater Mekong Subregion နှင့် ပတ်သက်၍ ထပ်လောင်းအတည်ပြု နှိုးဆော်ချက်ကို လက်မှတ်ရေးထိုးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် လာအိုနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအောင်ကိုတို့သည် အစည်းအဝေးကျင်းပသည့် ဗီယင်ကျန်းမြို့ Holiday Inn & Suites Vientiane အစည်းအဝေးခန်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကျန်းမာရေးကော်မရှင် ဒုတိယဝန်ကြီး Dr Yong Zhang နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ၍ မြန်မာ-တရုတ်နှစ်နိုင်ငံ နယ်စပ်ဒေသ ငှက်ဖျားရောဂါကာကွယ်တိုက်ဖျက်ရေးနှင့် ကူးစက်တတ်သောရောဂါများ ကာကွယ်တားဆီးရေးလုပ်ငန်းများ ပိုမိုပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် လာအိုနိုင်ငံ ကျန်းမာရေးဝန်ကြီး H.E Madam Baykham Khattiya (မဒမ် ဗေခမ်ခပ်တီးယား) ဦးဆောင်သော ကျန်းမာရေးကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံ၍ မြန်မာ-လာအို နှစ်နိုင်ငံ ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးအတွက် နှစ်နိုင်ငံကျန်းမာရေးဝန်ကြီးဌာနများအကြား MoU လက်မှတ်ရေးထိုးနိုင်ရေး၊ နှစ်နိုင်ငံဆေးဝါးနှင့် ကာကွယ်ဆေးထုတ်လုပ်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ ကျန်းမာရေးကဏ္ဍနှင့် ပတ်သက်၍ နှစ်နိုင်ငံ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးတို့ကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

**စာမျက်နှာ ၂၄ မှ**

ထိုသို့ ပို့ဆောင်ပေးလျက်ရှိရာ ကချင်ပြည်နယ်၊ ရွှေကူမြို့သို့ ပို့ဆောင်ပေးမည့် ဌာနဆိုင်ရာရုံးများအတွက် လိုအပ်သည့် ရုံးသုံးပစ္စည်းများနှင့် ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် လိုအပ်သည့် ဆေးနှင့်ဆေးပစ္စည်းများ တင်ဆောင်လာသော မော်တော်ယာဉ်များသည် ဇွန် ၄ ရက်တွင် မန္တလေးမြို့မှ ထွက်ခွာခဲ့ရာ မတ္တရာ-သပိတ်ကျင်း-တကောင်း-ကတ္တူ-ငါးအိုးမှတစ်ဆင့် ယနေ့မွန်းလွဲပိုင်းတွင် ရွှေကူမြို့သို့ ရောက်ရှိခဲ့ သဖြင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုခဲ့ကြကြောင်း သိရသည်။

အဆိုပါ ထောက်ပံ့ပစ္စည်းများသည် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် အထောက်အကူဖြစ်မည်ဖြစ်သဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများက ဝမ်းမြောက်ကျေးဇူးတင်လျက်ရှိကြောင်းသိရှိရပြီး အဆိုပါ ထောက်ပံ့ပစ္စည်းများကို တာဝန်ရှိသူများမှတစ်ဆင့် ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တပ်မတော်အနေဖြင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် လက်တွဲပူးပေါင်း၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးပြီး အကြမ်းဖက်သမားများ ဖောက်ခွဲဖျက်ဆီးခဲ့သည့် လမ်း၊ တံတားများအား ပြန်လည်ပြုပြင်တည်ဆောက်၍ ဆက်သွယ်ရေးလမ်းကြောင်းများကို ပြန်လည်ဖွင့်လှစ်ပေးခဲ့ရာ ယခုအခါ ခရီးသွားမော်တော်ယာဉ်များ၊ ကုန်စည်ပို့ဆောင်ရေး မော်တော်ယာဉ်များ ပုံမှန်အတိုင်း သွားလာလျက်ရှိကြောင်း၊ ဒေသခံပြည်သူများ အနေဖြင့်လည်း ၎င်းတို့၏ သွားလာနေထိုင်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်လျက်ရှိကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဒေသ၏လိုအပ်ချက်အပေါ် မူတည်၍ ထပ်မံဖြည့်ဆည်းပေးနိုင်ရေးကို စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ တွေ့ဆုံပွဲပြုလုပ်၊ ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့

**ညောင်ဦး ဇွန် ၆**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် မီးသတ်ဦးစီးဌာနရုံးတွင် ယမန်နေ့ မွန်းလွဲ ၃ နာရီက မြို့နယ် နယ်မြေတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ တွေ့ဆုံဆွေးနွေးခြင်းနှင့် ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနား ကျင်းပခဲ့ကြသည်။

အဆိုပါအခမ်းအနားတွင် ညောင်ဦးမြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူနှင့် ဦးစီးအရာရှိများက ၂၀၂၆-၂၀၂၇ပညာသင်နှစ်တွင် အထက်တန်း၊ အလယ်တန်း၊ မူလတန်း၊ မူလတန်းကြိုတက်ရောက်ပညာသင်ကြားမည့် တပ်ဖွဲ့ဝင်မိသားစုများ၏ သား၊ သမီးများအား စာရေးကိရိယာ (ကျောင်းသုံးဗလာစာအုပ်နှင့် ကွန်ပါဘူး)များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(ဝ၅၇)

*-*-*-*-*

## သုံးနိုင်ငံ ဖိတ်ခေါ်ဖလား ပြိုင်ပွဲတွင် မြန်မာအသင်းက ဂူအမ်အသင်းကို ခြောက်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**နေပြည်တော် ဇွန် ၆**

ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် သုံးနိုင်ငံဖိတ်ခေါ်ဖလား ပြိုင်ပွဲကို မနီလာမြို့၊ The Rizal Memorial ဘောလုံးအားကစားကွင်း၌ ယနေ့ ညနေ ၆ နာရီက မြန်မာ့အမျိုးသားလက်ရွေးစင်အသင်းနှင့် ဂူအမ်အမျိုးသားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာအသင်းက ဂူအမ်အသင်းကို ခြောက်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပထမပိုင်းပွဲစသည်နှင့် မြန်မာအသင်းက ဂူအမ်အသင်းဘက်ကို ဆက်တိုက်ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၁၂ မိနစ်တွင် စိုးမိုးကျော်၊ ပွဲချိန် ၂၂ မိနစ်တွင် မောင်မောင်လွင်၊ ပွဲချိန် ၃၄ မိနစ်တွင် ဝင်းနိုင်ထွန်းတို့ သွင်းယူပေးခဲ့ပြီး မြန်မာအသင်းက ပထမပိုင်းတွင် ဂူအမ်အသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် ဝင်းနိုင်ထွန်း၊ ဇော်ဝင်းသိန်း၊ ရှိုင်းဝဏ္ဏအောင်တို့က အနိုင်ဂိုးများဆက်လက်သွင်းယူပြီး ပွဲကစားချိန် ၉၁မိနစ်တွင် ဂူအမ်အသင်းက ပင်နယ်တီမှတစ်ဆင့် ချေပဂိုးပြန်လည်သွင်းယူပေးခဲ့သည်။ ပွဲစဉ်ပြီးဆုံးချိန်တွင် မြန်မာအသင်းက ဂူအမ်အသင်းကို ခြောက်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အလားတူ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် သုံးနိုင်ငံဖိတ်ခေါ်ဖလား ဘောလုံးပြိုင်ပွဲကို ရန်ကုန်မြို့ရှိ သုဝဏ္ဏဘောလုံးအားကစားကွင်းတွင် ဆက်လက်ကျင်းပခဲ့ရာ ထိုင်းအမျိုးသမီးအသင်းက ဥဇဘက်ကစ္စတန်အမျိုးသမီးအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ **(NGB)**



# ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၏ လုပ်ငန်းလမ်းညွှန်ချက်များနှင့် ဥပဒေရေးရာဝန်ကြီးဌာန၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မည့်အစီအစဉ်များ ထပ်ဆင့်ရှင်းလင်းခြင်းအခမ်းအနား ကျင်းပ





**မန္တလေး ဇွန် ၆**

ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များမှ တရားဥပဒေစိုးမိုးရေး၊ နိုင်ငံသားတိုင်းဥပဒေ၏ အကာအကွယ်ကို အညီအမျှရရှိစေရေး ဆိုင်ရာကိစ္စများနှင့် ဥပဒေရေးရာဝန်ကြီးဌာန၏ ပြည်သူ့အတွက် ဆောင်ရွက်မည့်အစီအစဉ်များအား တိုင်းဒေသကြီး၊ ပြည်နယ် ဥပဒေချုပ်များနှင့် ဥပဒေအရာရှိများ၊ ခရိုင်ဥပဒေအရာရှိများအား ထပ်ဆင့်ရှင်းလင်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီးတရား လွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ဥပဒေချုပ်ရုံး၊ မဟာအောင်မြေခရိုင်၊ အောင်မြေသာစံခရိုင်၊ အမရပူရခရိုင်၊ သပိတ်ကျင်းခရိုင်၊ ပြင်ဦးလွင်ခရိုင်၊ ကျောက်ဆည်ခရိုင်၊ မိတ္ထီလာခရိုင်၊ ညောင်ဦးခရိုင် ဥပဒေရုံးနှင့် အဆိုပါ ခရိုင်များအတွင်းရှိ မြို့နယ်ဥပဒေရုံးများမှ ဥပဒေအရာရှိများ စုစုပေါင်း ၁၉၈ ဦးနှင့် ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီးနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် တိုင်းဒေသကြီးဥပဒေချုပ် ဦးလှသိန်းက ဥပဒေရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၏ လုပ်ငန်းလမ်းညွှန်ချက်များနှင့် ဥပဒေရေးရာ ဝန်ကြီးဌာန၏ ပြည်သူ့အတွက်ဆောင်ရွက်မည့်အစီအစဉ်များအား ထပ်ဆင့်ရှင်းလင်းခဲ့သည်။

အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ဆက်လက် ကျင်းပခဲ့ရာ ဥပဒေရေးရာဝန်ကြီးဌာန၏ ဆောင်ရွက်ချက် Video Clip ကို ပြသပြီး တိုင်းဒေသကြီး ဥပဒေအရာရှိ ဒေါ်ယဉ်ယဉ်မွန်က ဥပဒေရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်၊ အမြဲတမ်းအတွင်းဝန်နှင့် ဦးစီးဌာနများရှိ ညွှန်ကြားရေးမှူးချုပ်များ၏ လုပ်ငန်းဆိုင်ရာ လမ်းညွှန်ချက်များအား ထပ်ဆင့်ရှင်းလင်းခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀

## မန္တလေးဘူတာကြီးအပေါ်မှ ဖြတ်သန်းသည့် ၇၈ လမ်းနှင့် ၇၉ လမ်း ဆက်သွယ်ရေး ခုံးကျော်တံတား ပြန်လည်ဖွင့်လှစ်



**မန္တလေး ဇွန် ၆**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးဘူတာကြီး အဆောက်အအုံအပေါ်မှတစ်ဆင့် ၇၈ လမ်းနှင့် ၇၉ လမ်းကို ချိတ်ဆက်ထားသည့် ခုံးကျော်တံတားအား ယနေ့ နံနက်ပိုင်းတွင် ပြန်လည်ဖွင့်လှစ် ပေးခဲ့သည်။

အဆိုပါ ခုံးကျော်တံတား ပြန်လည်ဖွင့်လှစ်ခြင်းကို ယနေ့နံနက် ၈နာရီမှ ၈နာရီခွဲအထိ ချမ်းအေးသာစံမြို့နယ်၊ ကဠုန မဟာရီရပ်ကွက်၊ လမ်း ၃၀၊ ၇၈ လမ်းနှင့် ၇၉ လမ်းကြားရှိ မန္တလေးဘူတာကြီး၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ မြန်မာ့မီးရထား တိုင်းအမှတ်(၃) မန်နေဂျာ ဦးနိုင်ဇော်ဦး၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော် ချမ်းအေးသာစံမြို့နယ် ကိုယ်စားလှယ် ဦးကိုကိုထွေး၊ ချမ်းအေးသာစံမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူး ကျော်လွင်မိုးနှင့် ချမ်းအေးသာစံမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးဇေယျာငြိမ်းတို့ တက်ရောက်ခဲ့ကြသည်။

ထို့ပြင် မန္တလေးဘူတာကြီး ပထမထပ်တွင် ဖွင့်လှစ်ထားရှိသည့် Marvel Hotel မှ မန်နေဂျာ ဦးသတိုးအောင်နှင့် ဟိုတယ်ဝန်ထမ်းများ၊ ရထားရဲအမှတ်(၁) တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ဝင်းမြင့်အောင် ဦးစီးသည့် တပ်ဖွဲ့ဝင်များ၊ ချမ်းအေးသာစံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးနိုင်နှင့် တပ်ဖွဲ့ဝင်များ အပါအဝင် စုစုပေါင်း အင်အား ၃၀ ဦးခန့် တက်ရောက်၍ ခုံးကျော်တံတားကို ဖွင့်လှစ်ပေးခဲ့ကြသည်။

ယခုကဲ့သို့ ခုံးကျော်တံတားကို ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီဖြစ်၍ ပြည်သူများအနေဖြင့် မန္တလေးဘူတာကြီး အဆောက်အအုံပေါ်မှ ဖြတ်သန်းကာ ၇၈ လမ်းမှ ၇၉ လမ်းသို့လည်းကောင်း၊ ၇၉ လမ်းမှ ၇၈ လမ်းသို့ လည်းကောင်း လွယ်ကူချောမွေ့စွာ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၈)**

## အသိပညာမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်



**မန္တလေး ဇွန် ၆**

မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာသင်းသင်းနွယ် ဦးဆောင်၍ ရက်(၁၀၀)ကာလအတွင်း ကျန်းမာရေး အသိပညာမြှင့်တင်ရေး လုပ်ငန်းများကို ဇွန် ၂ ရက် နံနက်ပိုင်းက မန္တလေး၊ ချမ်းမြသာစည် မြို့နယ်ရှိ ထွန်းတုံးရပ်ကွက် ကျေးလက်ကျန်းမာရေးဌာနခွဲရုံးတွင် ကျန်းမာရေးအသိပညာပေးခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဒုတိယဦးစီးမှူး ဒေါ်ခင်ခင်လေး(ကျန်းမာပညာ)က ကျန်းမာသော လူနေမှုဘဝပုံစံများ ရရှိစေ၍ အစာအာဟာရ စားသုံးရမည့်ပုံစံများအကြောင်း သရုပ်ပြရှင်းလင်းဟောပြောခြင်းနှင့် ပုံမှန် ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်း (နာရီဝက်) ခန့်နေ့စဉ်ပြုလုပ်ရန် Video-Audio နည်းဖြင့် လေ့ကျင့်ခန်းများပြုလုပ်ရန် သင်ကြားပြသပေးခဲ့သည်။ ထို့နောက် သားဖွားဆရာမ ဒေါ်ဝေနှင်းဖြိုးက ကိုယ်ဝန်ဆောင်မိခင်များ စားသောက်ရမည့် အာဟာရများအကြောင်းနှင့် နှစ်နှစ်အောက်ကလေးများ ပုံမှန်ကာကွယ်ဆေးထိုးနှံမည့် ဆေးထိုးနှံမှုဇယားပုံစံအကြောင်းတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ကျန်းမာရေးအသိပညာပေးအခမ်းအနားသို့ တက်ရောက်လာသော အသက် ၄၀ ကျော်သူများအား နှလုံး၊ သွေးတိုး၊ ဆီးချို စစ်ဆေးပေးခြင်း၊ ကိုယ်အလေးချိန် တိုင်းတာပေးခြင်းများ ပြုလုပ်၍ ဆေးပေးခြင်း၊ ဆောင်ရန်၊ ရှောင်ရန်များ ပြောကြားခြင်းနှင့် မွေးကင်းစ နှစ်လအရွယ်မှစ၍ ငါးနှစ်အောက် ကလေးငယ်များအား အသက်အပိုင်းအခြား အလိုက် ကာကွယ်ဆေးထိုးနှံပေးခြင်း၊ ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**အလင်းသစ်**

## ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိ

**ရပ်စောက် ဇွန် ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)စီမံချက်တွင်ပါဝင်သည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး ဒေသခံပြည်သူများအနေဖြင့် လူမှုစီးပွား ဘဝ ဆောင်ရွက်ရာ၊ ခရီးသွားလာရာတွင် အဆင်ပြေချောမွေ့စေရန်နှင့် နိုင်ငံသားတစ်ဦး၏ အခွင့်အရေးများကို အပြည့်အဝရရှိစေရန် အတွက် အသက် ၁၀ နှစ်နှင့်အထက် ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံတော်အစိုးရ၏ ရက် (၁၀၀) လမင်း စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်များ ထုတ်ပေးခြင်းကို ဇွန် ၅ ရက် နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (ဗထူး) နဝရတ်ခန်းမဆောင်၌ ကျင်းပပြုလုပ်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ရပ်စောက်မြို့နယ်လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်လွင်နှင့် ဝန်ထမ်းများ၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း(ဗထူး)မှ ကျောင်းအုပ်ချုပ်မှုတာဝန်ခံအရာရှိ ဗိုလ်ကြီးမျိုးမင်းဦးနှင့် ဆရာ၊ ဆရာမများက ကျောင်းသား၊ ကျောင်းသူများ နိုင်ငံသားစိစစ်ရေးကတ်ပြားများရရှိစေရေး ဆောင် ရွက်ပေးမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး အသက် ၁၀ နှစ်နှင့်အထက် ကျောင်းသား၊ ကျောင်းသူ ၁၅၀ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်များ ထုတ်ပေးနိုင်ရေးအတွက် ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၅)**

ပန်းမန်သစ်ပင်၊ လေသန့်စင်၍၊ ဥယျာဉ်တောတန်း၊ စိတ်ရွှင်လန်း၏။

# ဥပဒေအရာရှိကျင့်ဝတ်ဆိုင်ရာ တွေ့ဆုံမေးမြန်းခြင်း အစီအစဉ် ကျင်းပ

**မန္တလေး ဇွန် ၆**

ဥပဒေရေးရာဝန်ကြီးဌာန၏လမ်းညွှန်ချက်အရ မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး ဥပဒေအရာရှိကျင့်ဝတ် ကြီးကြပ်ရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံးမှ ဒုတိယတိုင်းဒေသကြီး ဥပဒေအရာရှိများ၊ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်ဥပဒေအရာရှိများနှင့် ဥပဒေအရာရှိကျင့်ဝတ်ဆိုင်ရာ တွေ့ဆုံမေးမြန်းခြင်းအစီအစဉ်ကို ယနေ့ နေ့လယ်ပိုင်းက တိုင်းဒေသကြီး ဥပဒေချုပ်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါတွေ့ဆုံမေးမြန်းရာတွင် မန္တလေးတိုင်းဒေသကြီးဥပဒေချုပ် ဦးလှသိန်းက ဥပဒေအရာရှိကျင့်ဝတ်ဆိုင်ရာ တွေ့ဆုံမေးမြန်းခြင်းနှင့် ဆွေးနွေးခြင်းအစီအစဉ်သည် ဥပဒေရေးရာ ဝန်ကြီးဌာန၏ မဟာဗျူဟာ အစီအစဉ်တစ်ရပ်ဖြစ်သည့်အပြင် ရက် (၁၀၀)အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အစီအစဉ်ဖြစ်သဖြင့် အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဥပဒေအရာရှိကျင့်ဝတ်ဆိုင်ရာ တွေ့ဆုံ မေးမြန်းခြင်းနှင့် ဆွေးနွေးခြင်းရည်ရွယ်ချက်များ၊ မေးမြန်းခြင်းတွင် ပါဝင်ရမည့်အချက်များ၊ ဆောင်ရွက်ရမည့် အစီအစဉ်များအား ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်က ခရိုင်ဥပဒေအရာရှိ(၁၃)ဦးအား ဥပဒေအရာရှိကျင့်ဝတ်ဆိုင်ရာ တွေ့ဆုံ မေးမြန်းခြင်းနှင့် ဆွေးနွေးခြင်းအစီအစဉ်များဆောင်ရွက်ခဲ့သည်။

တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ်ဥပဒေရုံးများကလည်း ဆောင်ရွက်ရမည့်အစီအစဉ်များနှင့် အညီ ဥပဒေအရာရှိများ ကျင့်ဝတ်ဆိုင်ရာတွေ့ဆုံမေးမြန်းခြင်းအစီအစဉ်များ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



**(မန္တလေးနေ့စဉ်-၅)**



## မကွေးတိုင်းဒေသကြီး၌ ဥပဒေအရာရှိများအား ဥပဒေအရာရှိ ကျင့်ဝတ်ဆိုင်ရာတွေ့ဆုံမေးမြန်

**မကွေး ဇွန် ၆**

ဥပဒေရေးရာဝန်ကြီးဌာန၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှု လုပ်ငန်းစဉ်တွင် ပါဝင်သည့် ဥပဒေအရာရှိကျင့်ဝတ်ဆိုင်ရာ တွေ့ဆုံမေးမြန်းခြင်း အစီအစဉ်ကို ဇွန် ၅ ရက် မွန်းလွဲပိုင်းက မကွေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ ပါမောက္ခ ဦးလှအောင် ခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ဦးစွာ မကွေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးအေးလွင်က နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့်အညီ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံသား တိုင်းဥပဒေ၏ အကာအကွယ်ကို တန်းတူညီမျှရရှိစေရေးအတွက် အများပြည်သူယုံကြည်ကိုးစားမှုရှိသော ဥပဒေအရာရှိများဖြစ်စေရန် ဥပဒေအရာရှိကျင့်ဝတ်ကို အလေးထားလိုက်နာကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဥပဒေအရာရှိများအား မကွေးတိုင်းဒေသကြီး ဥပဒေအရာရှိကျင့်ဝတ်ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဥပဒေအရာရှိ ဒေါ်လှလှဆွေနှင့် အဖွဲ့က မေးမြန်းဆွေးနွေးပြီး တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ဥပဒေရုံးများရှိ ဥပဒေအရာရှိ စုစုပေါင်း ၃၅ ဦးတို့အား ဥပဒေအရာရှိ ကျင့်ဝတ်ဆိုင်ရာ တွေ့ဆုံမေးမြန်းခြင်းအစီအစဉ်ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မောင်နိုင်မင်း(ပြန်/ဆက်)**

## MABA (၁၀) နှစ်ပြည့် အထိမ်းအမှတ်ပွဲတော် မန္တလေးမြို့၌ ကျင်းပ

**မန္တလေး ဇွန် ၆**

Myanmar-Japan Alliance Business Association (MABA) ၏ (၁၀)နှစ်ပြည့် အထိမ်းအမှတ်ပွဲတော်ကို မန္တလေး၊ ချမ်းမြသာစည်မြို့နယ်ရှိ မင်္ဂလာ မန္တလေး Promotion Area ၌ ယနေ့ နံနက်ပိုင်းမှစတင်၍ ကျင်းပလျက်ရှိကြောင်း သိရသည်။

ပွဲတော်တွင် မန္တလေးမြို့ရှိ SMEs လုပ်ငန်းရှင်များနှင့် စပွန်ဆာများ၏ ပြခန်းများ၊ ဂျပန်ရိုးရာ ယူကာတာဝတ်ဆင်၍ ဓာတ်ပုံရိုက်ကူးနိုင်သည့် အစီအစဉ်များ၊ ဂျပန်အစားအသောက်နှင့် ယဉ်ကျေးမှုဆိုင်ရာ မိတ်ဆက်ပြသမှုများကို ထည့်သွင်းကျင်းပထားသည်။

ထို့ပြင် မြန်မာ့ရိုးရာ ကျောက်ဆည်ဆင်အက၊ တိုင်းရင်းသားရိုးရာအကများ၊ ဂျပန် Bon Odori ဖျော်ဖြေမှုများနှင့် ခေတ်ပေါ်ဂီတဖျော်ဖြေမှုများလည်း ပါဝင်ကြောင်း သိရသည်။**(ယာပုံ)**

ပွဲတော်ဧရိယာအတွင်း Japan-Myanmar Product Zone၊ Food & Lifestyle Zone၊ Education & Career Development Zone နှင့် Entertainment & Cultural Stage Zone များတွင် စုစုပေါင်း ပြခန်း ၉၆ ခန်းဖြင့် ခင်းကျင်းပြသထားသည်။

MABA ဥက္ကဋ္ဌ ဦးနေလင်းက အဆိုပါပွဲတော်မှတစ်ဆင့် မြန်မာနှင့် ဂျပန်နိုင်ငံတို့အကြား စီးပွားရေး၊ ပညာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ဆက်ဆံရေးများ ပိုမိုတိုးတက်ခိုင်မာလာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။ ထို့ပြင် ဂျပန်နိုင်ငံသို့ ပညာသင်ကြားရန်၊ အလုပ်အကိုင်သွားရောက်လုပ်ကိုင်ရန် သို့မဟုတ် အလည်အပတ်သွားရောက်လိုသူများအနေဖြင့် လိုအပ်သည့် အချက်အလက်များကို တိုက်ရိုက်မေးမြန်းနိုင်ရန်လည်း စီစဉ်ထားကြောင်း ၎င်းက ပြောကြားသည်။

အဆိုပါပွဲတော်သို့ ဧည့်သည် ၁၀,၀၀၀ ခန့် လာရောက်မည်ဟု ခန့်မှန်းထားပြီး Bingo ဂိမ်းများ၊ ကံစမ်းမဲအစီအစဉ်များနှင့် အထူးဆုကြီးများကိုလည်း ထည့်သွင်းစီစဉ်ထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၈)**



## ဇာတ်သဘင်လောက တစ်ကျော့ပြန်ခေတ်စားလာမှုနှင့်အတူ မြန်မာ့ရိုးရာ ရွှေချည်ထိုးအဆင်တန်ဆာများ ရောင်းအားမြင့်တက်လျက်ရှိ

**မန္တလေး ဇွန် ၆**

မြန်မာ့ရိုးရာ ကပြဖျော်ဖြေရေး ဇာတ်သဘင်လောက တစ်ခေတ် ပြန်လည်တိုးတက် စည်ကားလာခြင်းနှင့်အတူ ဇာတ်သဘင်သုံး ရွှေချည်ထိုးအဝတ်အထည်များနှင့် အဆင်တန်ဆာများမှာ ဒီမိုင်းမျိုးစုံဖြင့် တစ်ခေတ်ဆန်းကာ ပြည်တွင်းဈေးကွက်၌ အရောင်းအဝယ် အလွန်ကောင်းမွန်လျက်ရှိသည်။

ခေတ်ရေစီးကြောင်း မည်သို့ပင် ပြောင်းလဲစေကာမူ ရိုးရာယဉ်ကျေးမှုကို အခြေခံသည့် အသေးစား၊ အလတ်စား ရွှေချည်ထိုးလုပ်ငန်းများသည် ခေတ်နှင့်အညီ ဆန်းသစ်တီထွင်ကာ ပြည်တွင်းဈေးကွက် လိုအပ်ချက်အရ ပြန်လည်ဦးမော့လာခြင်းဖြစ်သည်။

ဇာတ်သဘင်လောက တစ်ကျော့ ပြန်လည်ဖွံ့ဖြိုးလာမှုနှင့်အတူ မိရိုးဖလာ ကိုးကွယ်ယုံကြည်မှုဆိုင်ရာ နတ်နန်း၊ သိုက်နန်းများတွင် အသုံးပြုမှုများပြားလာခြင်းက ရွှေချည်ထိုးလုပ်ငန်းများအတွက် ဈေးကွက်အခွင့်အလမ်းသစ် ဖြစ်လာခဲ့သည်။ လက်ရှိ ပြည်တွင်းဈေးကွက်အတွင်း၌ ဇာတ်သဘင်နှင့် ယုံကြည်မှုပိုင်းဆိုင်ရာတွင် မရှိမဖြစ် အသုံးပြုရသည့် ရွှေချည်ထိုး ခေါင်းပေါင်းများနှင့် ရွှေချည်ထိုးပဝါများသည် ရိုးရာရွှေချည်ထိုး ပန်းချီကားဈေးကွက်ထက်ပင် ပိုမိုတွင်ကျယ်စွာ အရောင်းသွက်လျက်ရှိသည်။



ရွှေချည်ထိုးအနုပညာသည် ကတ္တီပါစပေါ်တွင် ဖောင်းကြွရုပ်လုံးများ၊ ရွှေချည်၊ ငွေချည်ကြိုးများ၊ ပုလဲစေ့၊ ဘော်ကြယ်ပွင့်နှင့် ဖန်ကျောက်(သို့မဟုတ်) အဖိုးတန်ကျောက်များဖြင့် ရုပ်ကြွဖော်ဆောင်ရသည့် လက်ဝင်လှသော အနုပညာတစ်ရပ်ဖြစ်သည်။ ယခင်က ကိုဗစ်မတိုင်မီ ပြည်ပခရီးသွားလုပ်ငန်း အားကောင်းစဉ်က ဗုဒ္ဓဝင်ဇာတ်တော်များ၊ မင်းခမ်းမင်းနားများနှင့် ကျေးရွာဓလေ့ သရုပ်ဖော်ရွှေချည်ထိုး ပန်းချီကားများကို ပြည်ပဧည့်သည်များနှင့် တရုတ်ခရီးသွားများက အမှတ်တရ လက်ဆောင်အဖြစ် ဝယ်ယူခဲ့ကြသော်လည်း လက်ရှိတွင် ပြည်ပခရီးသွားလုပ်ငန်း နှေးကွေးနေသဖြင့် ပြည်တွင်းဈေးကွက်ကိုသာ ဦးစားပေးနေရသည်။

သို့ရာတွင် ရွှေချည်ထိုး လက်မှုပစ္စည်းများ ထုတ်လုပ်ရာ၌ အသုံးပြုရသည့် ကတ္တီပါစ၊ ချည်လုံး၊ ရွှေကြိုး၊ ငွေကြိုးနှင့် စီးကွင်း အစရှိသည့် အဓိကကုန်ကြမ်းအများစုကို တရုတ်နိုင်ငံမှ အများဆုံး ဝယ်ယူတင်သွင်းနေရဆဲ ဖြစ်သည်။ အိမ်နီးချင်း ထိုင်းနိုင်ငံကလည်း ၎င်းတို့၏ ရွှေချည်ထိုးလက်ရာများကို ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဖြင့် ကမ္ဘာကျော်အောင် ထိုးဖောက်နေချိန်တွင် မြန်မာ့ရိုးရာ ရွှေချည်ထိုးပညာရပ် ရေရှည်ရှင်သန်ရေးနှင့် ဈေးကွက်ပိုမိုခိုင်မာရေးအတွက် ပြည်တွင်းဖြစ် ဇာတ်သဘင်ဈေးကွက်အပြင် အခြားကဏ္ဍစုံမှပါ ဆက်လက်ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း သုံးသပ်သူများထံမှ သိရသည်။

ရှေးအခါက သက္ကရာဇ်ဦးဆံပိုင်ဘုရင်စနစ် ထွန်းကားစဉ် မင်းမျိုးမင်းနွယ်များ၏ သီးသန့်ပိုင်ဆိုင်မှုနှင့် ချမ်းသာကြွယ်ဝမှုသင်္ကေတဖြစ်ခဲ့သော အဆိုပါ ရွှေချည်ထိုးအတတ်ပညာသည် ကုန်းဘောင်ခေတ်နှောင်းပိုင်း မင်းတုန်းမင်းလက်ထက်တွင် မြန်မာမှုမြန်မာ့ဟန်ဖြင့် ထူးခြားပြောင်မြောက်စွာ ဆန်းသစ်လာခဲ့သည်။ ထို့ကြောင့်လည်း နောက်ဆုံး မင်းနေပြည်တော်ဖြစ်ခဲ့သည့် မန္တလေးမြို့တွင် ရွှေချည်ထိုး လက်မှုအနုပညာများ ယနေ့ထက်တိုင် အဓိကထွန်းကားလျက်ရှိပြီး ၁၉ ရာစုခန့်ကပင် မန္တလေးမြို့သည် မြန်မာတစ်နိုင်ငံလုံး၌ ရွှေချည်ထိုးလက်ရာ အများဆုံးထုတ်လုပ်ရာမြို့အဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၈)**




ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှု။



ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံများ မဖြိုဖျက်မီ(ဝဲပုံ)နှင့် ဖြိုဖျက်ပြီး(ယာပုံ)ကို တွေ့ရစဉ်။

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် သုံးထပ်လူနေအဆောက်အအုံ သုံးလုံးအား စနစ်တကျ ထပ်မံဖြိုချဖျက်ဆီး၊ တရားမဝင်အဆောက်အအုံ ၃၉ လုံးဖြိုချဖျက်ဆီးပြီးဖြစ်

နေပြည်တော် ဇွန် ၆

အွန်လိုင်းလိမ်လည် လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိတရားမဝင် သုံးထပ်လူနေအဆောက်အအုံ သုံးလုံးကို ထပ်မံ၍ စနစ်တကျဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ဖျက်ဆီးမည့် အဆောက်အအုံ အလုံး ၂၀ တို့ကို အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျဖြိုချဖျက်ဆီးလျက်ရှိကြောင်း သိရသည်။

ယနေ့တွင် ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ ၅၇ လုံးအနက် သုံးထပ် လူနေအဆောက်အအုံ သုံးလုံးကို ယာဉ်ယန္တရားများအသုံးပြု၍ စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ စုစုပေါင်းအဆောက်အအုံ ၃၉ လုံးအား စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၃၈ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# အခြေခံပညာအထက်တန်းကျောင်း(ကျော)၌ ကျောင်းသန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေသူများအား PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်၊ Grade – 11 ကျောင်းသားတစ်ဦး လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာရရှိ

နေပြည်တော် ဇွန် ၆

PDF အမည်ခံ အကြမ်းဖက်သမားများသည် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ၎င်းတို့ကို အကြောက်တရားဖြင့် ထောက်ခံအားပေးလာစေရန် ရည်ရွယ်ချက်များဖြင့် ပညာရေးဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ ပညာရေးအထောက်အကူပြုပစ္စည်းများနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ကျောင်းသုံးစာအုပ်များအား မီးရှို့ဖျက်ဆီးခြင်း၊ အတင်းအဓမ္မလုယူခြင်း စသည့် နည်းလမ်းမျိုးစုံကို အသုံးပြု၍ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

ထိုသို့ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ကျောမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း(ကျော)၌ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် လုပ်အားဝန်ထမ်းပြုလုပ်နေသည့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများအား အဆိုပါကျောင်း၏ အရှေ့တောင်ဘက် မီတာ ၂၀၀ ခန့်အကွာရှိ ရထားသံလမ်း လမ်းဆုံမှနေ၍ လက်နက်ငယ်များဖြင့် အကြောင်းမဲ့လာရောက် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။



ထိုသို့ အကြမ်းဖက်သမားများ၏ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် စာသင်ကျောင်းအတွင်း လုပ်အားဝန်ထမ်းပြုလုပ်နေသည့် Grade-11 ကျောင်းသားတစ်ဦးတွင် ညာရင်ဘက်မှ ကျောဘက်သို့ ကျည်ဖောက်ဝင်ဒဏ်ရာရရှိခဲ့ကြောင်းနှင့် အဆိုပါ လက်နက်ငယ်ကျည်ထိမှန်၍ ဒဏ်ရာရရှိသူအား လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေခံတပ်ရင်းဆေးခန်း၌ လိုအပ်သည့် ဆေးဝါးကုသမှုများဆောင်ရွက်ပေးပြီး ကျန်းမာရေး စောင့်ရှောက်မှုခံယူစေလျက်ရှိကြောင်း သိရသည်။

PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် ယခုကဲ့သို့ စစ်ရေးပစ်မှတ်နှင့် သက်ဆိုင်ခြင်းမရှိသည့်အပြင် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်ပေးရာ စာသင်ကျောင်းများကို တိုက်ခိုက်ဖျက်ဆီးပြီး ပညာရေးဝန်ထမ်းများနှင့် ဆရာ ဆရာမများအပေါ် အကြမ်းဖက်လုပ်ရပ်များကို အသိတရားကင်းမဲ့စွာ လုပ်ဆောင်ခဲ့ခြင်းအတွက် ဒေသခံပြည်သူများအနေဖြင့် ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် အကြမ်းဖက်မှုကျူးလွန်သူများအား အမြန်ဆုံး ဖမ်းဆီးဖော်ထုတ်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## နှစ်လုံးထီ လောင်းကစားသူများအား ဖမ်းဆီးအရေးယူ

**ဝေါ ဇွန် ၆**

ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်တို့ရှိ မြို့နယ်အချို့၌ နှစ်လုံးထီလောင်းကစားသူများအား ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ မေ ၂၉ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ အုတ်ဖိုကျေးရွာနေ ဒေါ်မအိ(ခ)အိအိခိုင်(၃၇)နှစ်ဆိုသူ၏ နေအိမ်၌ နှစ်လုံးထီ လောင်းကစားနေကြောင်း သတင်းအရ မြစ်ကျိုးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ၎င်းအား နေအိမ်အောက်ထပ်ကွပ်ပျစ်ပေါ်၌ နှစ်လုံးထီ လောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ဒေါ်မအိ(ခ)အိအိခိုင်ဆိုသူအား မြစ်ကျိုးနယ်မြေရဲစခန်းမှ လောင်းကစားဥပဒေပုဒ်မဖြင့် လည်းကောင်း။

အလားတူ မွန်းလွဲ ၃ နာရီ ၅ မိနစ်တွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ သီရိမြိုင်ရပ်ကွက်နေ ဒေါ်ဝင်းသီရိထွန်း(ခ)သီရိ(၃၉)နှစ် ဆိုသူ၏ နေအိမ်၌ နှစ်လုံးထီလောင်းကစားနေကြောင်း သတင်းအရ မုပွန်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ၎င်းအားနေအိမ်ရှေ့ခန်း၌ နှစ်လုံးထီ လောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ဒေါ်ဝင်းသီရိထွန်း(ခ)သီရိဆိုသူအား မုပွန်နယ်မြေ ရဲစခန်းမှ လောင်းကစားဥပဒေပုဒ်မဖြင့်လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀

## ယာဉ်တိုက်မှု ဖြစ်ပွား၍ အမျိုးသမီးတစ်ဦး သေဆုံး

**တောင်ငူ ဇွန် ၆**

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၌ မေ ၂၈ ရက်က ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသမီးတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၈ ရက် နံနက် ၁၁ နာရီ ၅၅ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ အမှတ်(၁၉)ရပ်ကွက်၊ MCB ဘဏ်ရှေ့၊ ရန်ကုန်-မန္တလေးကားလမ်းမပေါ်၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၁၂)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါလမ်းအတိုင်း မြောက်မှတောင်သို့ အုတ်တွင်းမြို့နယ်၊ ရေဖြူကြင်းကျေးရွာနေ ဒေါ်ဝင်းဝင်းခိုင်(၄၆)နှစ် ဆိုသူ မောင်းနှင်လာသည့် ဆိုင်ကယ်အား လားရာတူနောက်မှ မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်နေ ဦးဝင်းအောင်(၅၅)နှစ်ဆိုသူ မောင်းနှင်လာသော HINO ၁၂ ဘီး မော်တော်ယာဉ်မှ ကျော်တက်မောင်းနှင်စဉ် ဆိုင်ကယ် ဝဲဘက် လက်ကိုင်အား ချိတ်မိ၍ ယာဉ်နောက်ဘီးဖြင့် ကြိတ်မိခဲ့သဖြင့် ဒေါ်ဝင်းဝင်းခိုင်ဆိုသူတွင် ထိခိုက်ဒဏ်ရာများရရှိပြီး အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့သောကြောင့် ဝင်းအောင် ဆိုသူအား တောင်ငူမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

*-*-*-*-*-*-*

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း
ဘေးကင်းရန်ကွာ လွှန်ချမ်းသာ။

# နိုင်ငံတကာ အားကစား သတင်းများ



## ဟန်ဂေရီအသင်းက ဖင်လန်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**လန်ဒန် ဇွန် ၆**

နိုင်ငံတကာခြေစမ်းပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ဟန်ဂေရီအသင်းနှင့် ဖင်လန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဟန်ဂေရီအသင်းက ဖင်လန်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဟန်ဂေရီအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၂၆မိနစ်နှင့် ၄၃မိနစ်တွင် ဘားနဘစ်ဗာဂါက သွင်းယူပေးခဲ့သည်။

ဟန်ဂေရီအသင်းသည် နိုင်ငံတကာခြေစမ်းပွဲစဉ်အဖြစ် လာမည့် ဇွန် ၉ရက်တွင် ကာဇက်စတန်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**(အပေါ်ပုံ) (NGB)**

## ရာအူးလ်ဂါစီယာ အိုဆာဆူနာအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**မက်ဒရစ် ဇွန် ၆**

အိုဆာဆူနာအသင်းသည် အသင်းတိုက်စစ်မှူး ရာအူးလ်ဂါစီယာကို ၂၀၃၁ခုနှစ်အထိ သက်တမ်းတိုး စာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည် ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် အိုဆာဆူနာအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၈ ပွဲကစားပြီး ၂၅ဂိုးထိ သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၂၅)နှစ်အရွယ်ရှိ ရာအူးလ်ဂါစီယာက 'ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ဒီအသင်းဟာ ကျွန်တော့်ရဲ့ အိမ်ပါပဲ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေလည်း ရယူသွားချင်ပါတယ်'ဟု ပြောသည်။

**(အောက်ပုံ) (NGB)**




## တိုနီမော်ဘရေးကို နည်းပြသစ်အဖြစ် ဘလက်ဘန်းအသင်းခန့်အပ်

**လန်ဒန် ဇွန် ၆**



လိဂ်ချန်ပီယံရှစ်ကလပ် ဘလက်ဘန်းအသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြတိုနီမော်ဘရေးကို ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် နည်းပြဘဝတစ်လျှောက်တွင် ဘာမင်ဂမ်၊ ဆန်းဒါးလန်း၊ ကိုဗင်ထရီ၊ ဆဲလ်တစ်၊ ဝက်စ်ဘရွန်း စသည့်ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာအား ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် ဘလက်ဘန်းအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အသက်(၆၂)နှစ်အရွယ်ရှိ တိုနီမော်ဘရေးက 'ကျွန်တော် ဘလက်ဘန်းအသင်းနည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိ ဝမ်းသာမိပါတယ်။ ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ဘလက်ဘန်းအသင်းကို လိဂ်ချန်ပီယံရှစ်မှ ပရီးမီးယားလိဂ်သို့ တန်းတက်နိုင်အောင် အစွမ်းကုန်ကြိုးစားသွားမှာပါ'ဟု ပြောသည်။ **(အပေါ်ပုံ) (NGB)**

## ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ စပိန်လာလီဂါ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ယာမဲလ်ဆွတ်ခူး

**ဘာစီလိုနာ ဇွန် ၆**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ စပိန်လာလီဂါ တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ဘာစီလိုနာအသင်းတောင်ပံကစားသမား ယာမဲလ်က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ တောင်ပံကစားသမားသည် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီက ဘာစီလိုနာအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၄၅ပွဲ ကစားပြီး ၂၄ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့သလို၊ အသင်းအား စပိန်လာလီဂါချန်ပီယံဆွတ်ခူး ရရှိအောင် အကောင်းဆုံး ပံ့ပိုးကူညီနိုင်မှုကြောင့် ယခုဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၁၈)နှစ်အရွယ်ရှိ ယာမဲလ်က 'ကျွန်တော်အခုလို စပိန်လာလီဂါ တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေအပြင် အသင်းနဲ့အတူ အောင်မြင်မှုများ ရယူနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ'ဟု ပြောသည်။ **(အောက်ဝဲပုံ) (NGB)**



## တီမိုသီဝီယာကို မာဆေးလ်အသင်း အပြီးသတ်ခေါ်ယူ

**ပါရီ ဇွန် ၆**

မာဆေးလ်အသင်းသည် ဂျူဗင်တပ်အသင်းမှ အငှားဖြင့် ခေါ်ယူထားသည့် ကွင်းလယ်ကစားသမား တီမိုသီဝီယာကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၄သန်းဖြင့် အပြီးသတ်ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် မာဆေးလ်အသင်းနှင့်အတူ ၂၀၂၉ ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။

ကွင်းလယ်ကစားသမား တီမိုသီဝီယာသည် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီတွင် ဂျူဗင်တပ်အသင်းမှ မာဆေးလ်အသင်းသို့ အငှားပြောင်းရွှေ့ကစားပြီး ပြိုင်ပွဲ ၄၁ပွဲတွင် ၃ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အပြီးသတ်ခေါ်ယူခဲ့ခြင်းဖြစ်သည်။



မာဆေးလ်အသင်းထုတ်ပြန်ချက်တွင် 'တီမိုသီဝီယာကို အပြီးသတ် ခေါ်ယူခဲ့ပါပြီ။ အသင်းအနေနဲ့လည်း လက်ရှိဈေးကွက်အတွင်း ကစားသမားသစ်တွေ ထပ်မံခေါ်ယူအားဖြည့်သွားဦးမှာပါ'ဟု ထုတ်ပြန်သည်။

**(အပေါ်ပုံ) (NGB)**

## 2026 Roland Garros အမျိုးသားတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Alexander Zverev တက်ရောက်



**ပါရီ ဇွန် ၆**

ပြင်သစ်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Roland Garros တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ ဂျာမနီတင်းနစ်ကစားသမား Alexander Zverev တက်ရောက်ခဲ့သည်။

အဆိုပါ ဂျာမနီတင်းနစ်ကစားသမား Alexander Zverev သည် 2026 Roland Garros တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ချက်တင်းနစ်ကစားသမား Jakub Mensik အား ၇-၅၊ ၆-၂၊ ၃-၆၊ ၆-၃ ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2026 Roland Garros တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ဂျာမနီတင်းနစ်ကစားသမား Alexander Zverev နှင့်အီတလီတင်းနစ်ကစားသမား Flavio Cobolli တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(အပေါ်ဝဲပုံ)(NGB)**

## ရောဘတ်ဆန်ကို စပါးအသင်း ခေါ်ယူ

**လန်ဒန် ဇွန် ၆**

စပါးအသင်းသည် လီဗာပူးအသင်းနှင့် လမ်းခွဲခဲ့သည့် ဝါရင့်နောက်ခံကစားသမား ရောဘတ်ဆန်ကို ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် စပါးအသင်းနှင့်အတူ တစ်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။

နောက်ခံကစားသမား ရောဘတ်ဆန်သည် လီဗာပူးအသင်းနှင့်အတူ ၂၀၁၇-၂၀၁၈မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၇၈ပွဲကစားပြီး ၁၄ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်း စပါးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၃၂)နှစ်အရွယ်ရှိ ရောဘတ်ဆန်က 'ကျွန်တော် စပါးအသင်းသို့ ရောက်ရှိခဲ့ပါပြီ။ နွေးထွေးစွာကြိုဆိုခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ စပါးအသင်းကို ယခုထက်ပိုပြီး ကြီးကျယ်ခမ်းနားတဲ့အသင်းတစ်သင်း ဖြစ်အောင် ပံ့ပိုးကူညီမှုတွေ ပြုလုပ်ပေးသွားမှာပါ'ဟု ပြောသည်။

**(ယာပုံ) (NGB)**



## အန်ဒရီယာမီဒီနာကို ခေါ်ယူရန် မန်ယူအမျိုးသမီးအသင်း သဘောတူညီမှု ရရှိ


**လန်ဒန် ဇွန် ၆**

မန်ယူအမျိုးသမီးအသင်းသည် အက်သလက်တီကိုမက်ဒရစ်အမျိုးသမီးအသင်း နောက်ခံကစားသမား အန်ဒရီယာမီဒီနာကို ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့သည်။

အသက်(၂၂)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဇွန်လအကုန်တွင် မန်ယူအသင်းနှင့် လာရောက်ပူးပေါင်းသွားမည်ဖြစ်သည်။

နောက်ခံကစားသမား အန်ဒရီယာမီဒီနာသည် အက်သလက်တီကိုမက်ဒရစ်အမျိုးသမီးအသင်းနှင့်အတူ ၂၀၂၂ မှ ၂၀၂၆ခုနှစ်အတွင်း ပြိုင်ပွဲ ၁၀၂ပွဲကစားကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ယူအမျိုးသမီးအသင်းက ခေါ်ယူလာခြင်းဖြစ်သည်။

အန်ဒရီယာမီဒီနာအနေဖြင့် မန်ယူအမျိုးသမီးအသင်းသို့ အမှန်တကယ်ပြောင်းရွှေ့ပြီး အောင်မြင်မှုများရယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည်ဖြစ်သည်။ **(အောက်ပုံ) (NGB)**




## နိုင်ငံတကာခြေစမ်းပွဲစဉ်

နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | | |
|---|---|---|---|
| ၇-၆-၂၀၂၆ ညဉ့်၁၁း၀၀နာရီ | ဒိန်းမတ် | - | ယူကရိန်း |
| ၈-၆-၂၀၂၆ နံနက်၀၀း၃၀နာရီ | ကိုဆိုဗို | - | အန်ဒိုရာ |
| ၈-၆-၂၀၂၆ နံနက်၀၁း၁၅နာရီ | ခရိုအေးရှား | - | ဆလိုဗေးနီးယား |
| ၈-၆-၂၀၂၆ နံနက်၀၁း၃၀နာရီ | ဂရိ | - | အီတလီ |
| ။ | မော်ရိုကို | - | နော်ဝေ |
| ၈-၆-၂၀၂၆ နံနက်၀၂း၃၀နာရီ | အီကွေဒေါ | - | ဂွါတီမာလာ |
| ၈-၆-၂၀၂၆ နံနက်၀၅း၃၀နာရီ | ကိုလံဘီယာ | - | ဂျော်ဒန် |

## မွေးကင်းစမှ အသက်တစ်နှစ်ခွဲအထိ ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံပေးလျက်ရှိ



**သရက် ဇွန် ၆**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ မွေးကင်းစမှ အသက်တစ်နှစ်ခွဲအထိ ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းကို ယမန်နေ့နံနက် ၉ နာရီက ပြည်တော်အေးရပ်ကွက် ဆင်ဖြူတော် ဘုရားကြီးဓမ္မာရုံတွင် ပုံမှန်ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိသည်။

မွေးကင်းစမှ အသက်တစ်နှစ်ခွဲအထိ ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေးထိုးနှံပေးရာတွင် အသက်နှစ်လ ကလေးငယ်များကို ဘီစီဂျီ၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော၊ ပိုလီယို၊ ပြင်းထန်အဆုတ်ရောင်၊ ဆုံဆို့၊ ကြက်ညှာ၊ အသည်းရောင်အသားဝါ (ပထမအကြိမ်)၊ လေးလအရွယ်ကလေးငယ်များကို ပိုလီယို၊ ပြင်းထန်အဆုတ်ရောင်၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ (ဘီ)၊ ဦးနှောက်အမြှေးရောင် (ဒုတိယ)အကြိမ်၊ ခြောက်လတွင်(တတိယအကြိမ်) ထိုးနှံရပြီး အသက်ကိုးလတွင် ဂျပန်ဦးနှောက်ရောင်၊ ဝက်သက်၊ဂျိုက်သိုး(ပထမအကြိမ်)နှင့် အသက်တစ်နှစ်ခွဲတွင် ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)၊ ဦးနှောက်အမြှေးရောင်(ငါးမျိုးစပ်) ကာကွယ်ဆေးများကို (စတုတ္ထအကြိမ်)နှင့် ဝက်သက်-ဂျိုက်သိုး ကာကွယ်ဆေးများကို (ဒုတိယအကြိမ်)ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ဇော်ထက်(သရက်)**

## ပညာသင်ထောက်ပံ့ငွေများနှင့် ဗလာစာအုပ်များပေးအပ်

**တံတားဦး ဇွန် ၆**

တံတားဦးခရိုင်၊ တံတားဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ဝန်ထမ်းများ၏ အခြေခံပညာနှင့် တက္ကသိုလ်၊ ကောလိပ်များတွင် ပညာသင်ကြားမည့် မိသားစုဝင် သားသမီးများအား ပညာသင်ထောက်ပံ့ငွေများနှင့် ဗလာစာအုပ်များ၊ စာရေးကိရိယာများပေးအပ်ပွဲကို ယမန်နေ့နံနက် ၁၀နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဝန်ထမ်းမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ငွေများနှင့် ဗလာစာအုပ်များ၊ စာရေးကိရိယာများကို ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တက္ကသိုလ်တွင် ပညာသင်ကြားနိုင်ရန်အတွက် ကျောင်းသား၊ ကျောင်းသူ ၁၁ ဦး၊ အခြေခံပညာအထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ရှစ်ဦး၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၃ ဦး၊ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၂၁ ဦး၊ KG တန်း ခုနစ်ဦးတို့အား ပညာသင်စရိတ်ထောက်ပံ့ငွေကျပ် ၁,၃၀၀,၀၀၀၊ ဗလာစာအုပ် ဒါဇင် ၃၀ ကျော်နှင့် စာရေးကိရိယာများကို ထောက်ပံ့ပေးအပ်ခဲ့သည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ဝန်ထမ်းများ၏ အခြေခံပညာနှင့် တက္ကသိုလ်၊ကောလိပ်များတွင် ပညာသင်ကြားမည့် မိသားစုဝင် သားသမီးစုစုပေါင်း ၆၀ ဦးအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ရဲတင့်(ပြန်/ဆက်)**

*- *- *- *- *

## ဆန်နှင့်ဆန်ကွဲ တင်ပို့မှုမှ ပို့ကုန်ဝင်ငွေ ဒေါ်လာ ၈၆၁ သန်း ရရှိ

**မန္တလေး ဇွန် ၆**

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ တင်ပို့မှုမှ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၈၆၁ သန်း ရရှိခဲ့ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ထုတ်ပြန်ထားသည်။

**(ယာပုံ)**



၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်နှင့် ဆန်ကွဲ တန်ချိန် ၂ ဒသမ ၇၄၀ သန်းကျော် တင်ပို့ခဲ့ခြင်း ဖြစ်သည်။ ပြည်ပသို့ ဆန်တင်ပို့ရာတွင် မာဒါဂတ်စကာ၊ ဖိလစ်ပိုင်၊ တရုတ်၊ ပိုလန်နှင့် စပိန်နိုင်ငံများကို အများဆုံး တင်ပို့ခဲ့ပြီး၊ ဆန်ကွဲကို တရုတ်၊ ဘယ်လ်ဂျီယံ၊ နယ်သာလန်၊ ပိုလန်၊ စပိန်နှင့် ဗြိတိန်နိုင်ငံတို့ကို အများဆုံး တင်ပို့ခဲ့သည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ ညီနောင်အသင်း ဆန်စက်အသင်းနှင့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းများအနေဖြင့် စက်သုံးဆီဝယ်ယူပြီး တောင်သူများ၏ စက်သုံးဆီလိုအပ်ချက်ကို အတိုင်းအတာတစ်ခုအထိ ရရှိအောင် ဆောင်ရွက်ပေးနေပြီး ဆိုလာနှင့် ရေတင်ခြင်းလုပ်ငန်းများကို စီစဉ်ဆောင်ရွက်ပေးနေကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောသည်။

ဆိုလာဖြင့် ရေတင်၊ ရေသယ်ခြင်းလုပ်ငန်းကို လုပ်ဆောင်လိုသည့် တောင်သူများကို ဆန်စပါးအသင်းချုပ်အနေဖြင့် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

နိုင်ငံတကာဈေးကွက်သို့ ဧည့်မထ/ငစိန်အုပ်စုဝင်များဖြစ်သည့် ဆင်းသုခ၊ သီးထပ်ရင်၊ ရတနာတိုး၊ ငစိန်ရာကျော်၊ ကရင်မ၊ ထွန်းပု၊ ငွေတိုး၊ မင်းဧရာ၊ ရွှေမန်း စသည့် ဆန်ကြမ်းများကို အဓိကတင်ပို့နေကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

## မြို့နယ်သာယာလှပစေရေးအတွက် ဌာနပေါင်းစုံ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**မန္တလေး ဇွန် ၆**

ချမ်းအေးသာစံမြို့နယ်အတွင်း သန့်ရှင်းသာယာလှပစေရေး၊ စိမ်းလန်းစိုပြည်စေရေး၊ မြို့အင်္ဂါရပ်နှင့်အညီ သာယာဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ဌာနပေါင်းစုံနှင့်ပူးပေါင်းကာ စုပေါင်းသန့်ရှင်းရေးကို ယနေ့ နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြသည်။



စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် လမ်း၃၀နှင့် ၃၅လမ်းကြား၊ ၇၈လမ်းနှင့် ၇၉လမ်းကြား ရထားသံလမ်းတစ်လျှောက်ရှိ ချုံနွယ်ပေါင်းပင်များ၊ ပလတ်စတစ်အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရန်နှင့် ခြင်၊ ယင်၊ ပိုးမွှားများ ကင်းဝေးစေရန် ရေမြောင်းများအား ရှင်းလင်းခြင်း၊ မလိုအပ်သော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းများကို ဌာနဆိုင်ရာဝန်ထမ်းများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက စုပေါင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးနိုင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့မှတာဝန်ရှိသူများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)**

**ချမ်းမြေ့မောင်(ချမ်း/စံ)**

## မန္တလေးမြို့၌ ၂၀၂၆ ခုနှစ် ရွှေမန်းမောင်ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ ဇွန်လကုန်တွင် ကျင်းပမည်

**မန္တလေး ဇွန် ၆**

မန္တလေးတိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှုဆင့်နွဲ ရေးကော်မတီမှ ကြီးမှူး ကျင်းပသည့် ၂၀၂၆ ခုနှစ် "ရွှေမန်းမောင်ပြိုင်ပွဲ"ကို လာမည့် ဇွန် ၂၈ ရက်တွင် မန္တလေးမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် တိုင်းဒေသကြီးကိုယ်စားပြု လက်ရွေးစင် အားကစားသမားကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

အဆိုပါ ရွှေမန်းမောင်ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲအမျိုးအစား၊ အတန်းအစား စုံလင်စွာဖြင့် ပြိုင်ပွဲအမျိုးအစား စုစုပေါင်း(၁၁)တန်းထည့်သွင်း ကျင်းပသွားမည်ဖြစ်ရာ ပါဝင်မည့် ပြိုင်ပွဲများမှာ ကာယဗလပြိုင်ပွဲများဖြစ်သည့် 60 kg အထိ၊ 65 kg အထိ၊ 70 kg အထိနှင့် 70 kg အထက်တန်းများ All Round ပြိုင်ပွဲ Men's Sport Physique (170 cm အထိ/အထက်)၊ Men's Athletic Physique ပြိုင်ပွဲများအပြင် အမျိုးသမီးများအတွက် Women's Model Physique (160 cm အထိ/အထက်)နှင့် Women's Athletic Physique ပြိုင်ပွဲတို့ ဖြစ်ကြသည်။

ပြိုင်ပွဲဝင်ခွင့် အရည်အချင်းသတ်မှတ်ချက်အနေဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်း အမှန်တကယ်နေထိုင်သူများသာ လက်ခံသွားမည်ဖြစ်ပြီး မှတ်ပုံတင်(၉/) မဟုတ်ပါက မန္တလေးတိုင်းဒေသကြီးအတွင်း ခြောက်လထက်မနည်း အခြေချနေထိုင်ကြောင်း သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ ထောက်ခံချက် တင်ပြရမည် ဖြစ်သည်။ အားကစားသမားများအနေဖြင့် ပြိုင်ပွဲဝင်ပုံစံနှင့်အတူ ပတ်စ်ပို့အရွယ်အစား ကာလာ ဓာတ်ပုံသုံးပုံ၊ အိမ်ထောင်စုဇယားမိတ္တူနှင့် မှတ်ပုံတင်မိတ္တူတို့ကို ပူးတွဲတင်ပြရမည်ဖြစ်ပြီး ခါးနံပါတ်ထုတ်ယူမည့်ရက်တွင် မှတ်ပုံတင်မူရင်းကို မဖြစ်မနေ ယူဆောင်လာရမည် ဖြစ်သည်။

ထို့ပြင် ပြိုင်ပွဲ၏ဂုဏ်သိက္ခာနှင့် အဆင့်အတန်းကို ထိန်းသိမ်းရန်အတွက် ၂၀၂၄၊ ၂၀၂၅နှင့် ၂၀၂၆ ခုနှစ်အတွင်း ရွေးချယ်ခံထားရသည့် လက်ရှိ မြန်မာ့လက်ရွေးစင်များနှင့် အရှေ့တောင်အာရှ၊ အာရှ၊ အိုလံပစ်ပြိုင်ပွဲများတွင် ဆုရရှိဖူးသည့် အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခွင့်မပြုကြောင်း သိရသည်။

ဤပြိုင်ပွဲတွင် ဆုရရှိသူများသည် မန္တလေးတိုင်းအသင်းတွင် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး လက်ရွေးစင်အဖြစ် ရွေးချယ်ခံရပါက စခန်းသွင်းလေ့ကျင့်မှုနှင့် တိုင်းဒေသကြီးကိုယ်စားပြုပွဲများသို့ မပျက်မကွက် လိုက်ပါကစားရမည်ဖြစ်သည်။ ရွှေမန်းမောင် ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လိုသူများအနေဖြင့် ပြိုင်ပွဲဝင်ခွင့် လျှောက်လွှာပုံစံများကို ဇွန် ၂ ရက်(အင်္ဂါနေ့)မှစတင်၍ ထုတ်ပေးနေပြီးဖြစ်သည်။

ပြိုင်ပွဲအတွက် ခါးနံပါတ် များကို ဇွန် ၂၆ ရက် နံနက် ၈ နာရီတွင် ဗထူးကာယဗလလေ့ကျင့်ရေးစခန်း၌ ထုတ်ပေးသွားမည်ဖြစ်ပြီး ပြိုင်ပွဲကြီးကို ဇွန် ၂၈ ရက် နံနက် ၁၀ နာရီတွင် ၁၀၆ လမ်းနှင့် ၁၀၇လမ်းကြား၊ ၆၈ လမ်းရှိ မန္တလာသီရိဘက်စုံသုံး အားကစားခန်းမ၌ အောင်မြင်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ) (မန္တလေးနေ့စဉ်-၈)**





## မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးတင်ကိုကို တောင်တွင်းကြီးမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် မြို့မိ၊ မြို့ဖများအား တွေ့ဆုံ

**တောင်တွင်းကြီး ဇွန် ၆**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးတင်ကိုကိုနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် တောင်တွင်းကြီးမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် မြို့မိ၊ မြို့ဖများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ရက်(၁၀၀)စီမံချက်အတွင်း သိသာထင်ရှားသည့် အချက်များ တိုးတက်အောင်မြင်အောင်ဆောင်ရွက်ရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ MSME လုပ်ငန်းများတိုးတက်အောင်မြင်အောင် ဆောင်ရွက်ရန်၊စိုက်ပျိုးရေးလုပ်ငန်းများ လျာထားဧကပြည့်မီစွာ ဆောင်ရွက်ရန်နှင့် ဒေသန္တရစီမံကိန်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်၊ ပညာရေးဌာနအနေဖြင့် နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းအပ်နှံကြစို့ ဆောင်ပုဒ်နှင့်အညီ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းအပ်နှံရေး ကြိုးစားဆောင်ရွက်ရန် ပြောကြားခဲ့ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦးက စီးပွားရေး၊ လူမှုရေး၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အချက်အလက်များအားလည်းကောင်း၊ မြို့မိ၊ မြို့ဖ ဦးစံသိန်းနှင့် ဦးသိန်းထွန်းဦးတို့က ပုဏ္ဏဝတီခန်းမ ပြန်လည်တည်ဆောက်နိုင်ရေးနှင့် အင်တာနက်ပြန်လည်အသုံးပြုမှုရရှိရေးတို့အားလည်းကောင်း တင်ပြခဲ့ရာ ဝန်ကြီးချုပ်က သက်ဆိုင်ရာဌာနများနှင့် လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**နောင်နောင်(ဗိသနိုးမြေ)**

*-*-*-*-*

## လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူများ တွေ့ဆုံ

**မန္တလေး ဇွန် ၆**



မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအလယ်ရပ်ကွက် ဘုရားသုံးဆူစမ္မာရုံတွင် ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပသည့် ချမ်းအေးသာစံမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် ပြည်သူများ တွေ့ဆုံပွဲတွင် ပြည်သူလူထုက ယုံယုံကြည်ကြည်ဖြင့် အပ်နှင်းထားသော လုပ်ပိုင်ခွင့်နှင့်အညီ ပြည်သူ့အသံလွှတ်တော်အသံ၊ ပြည်သူ့လိုအပ်ချက် လွှတ်တော်က ဖော်ဆောင်ရွက်ပူသော ဆောင်ပုဒ်နှင့်အညီ လွှတ်တော်သို့တင်ပြပြီး သက်ဆိုင်ရာဌာနများဖြင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့်လည်း အမှိုက်များကို စနစ်တကျ စွန့်ပစ်ရန်လိုကြောင်း၊ ရေမြောင်းများအတွင်း အမှိုက်စွန့်ပစ်ခြင်းများ မပြုလုပ်ကြရန်လိုကြောင်း၊ လျှပ်စစ်မီးအလုံအလောက်ရရှိစေရန်အတွက်လည်း စည်းကမ်းရှိရှိ သုံးစွဲကြရန်လိုကြောင်း၊ မိမိတို့ရပ်ကွက်အတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊အကြမ်းဖက်မှုများ ပပျောက်ရေးတို့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ မြို့တော်စည်ပင်ပိုင် နယ်နိမိတ်ဧရိယာများပေါ်တွင် ကျူးကျော်နေထိုင်ခြင်းများမပြုလုပ်ရန်တို့ကို တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးကိုကိုထွေးက ပြောကြားခဲ့သည်။

ထို့နောက် ပြည်သူလူထုက ယုံကြည်စွာဖြင့် ရွေးချယ်ပေးလိုက်သော လွှတ်တော်ကိုယ်စားလှယ်များအား ပြည်သူလူထုရှေ့မှောက်တွင် ခေါ်ဆောင်လာပြီး ပြည်သူလူထု၏ တင်ပြချက်များကို လွှတ်တော်အသီးသီးတွင် တင်ပြနိုင်ရေးအတွက် ယခုကဲ့သို့ တွေ့ဆုံပွဲများကို ရပ်ကွက်အသီးသီးတွင် ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့ပါတီအနေဖြင့်လည်း လွှတ်တော်အသီးသီးက ကိုယ်စားလှယ်တော်ကြီးများနှင့်အတူ ပါတီကော်မတီဝင်များပါလိုက်ပါ ကွင်းဆင်းဆောင်ရွက်ခြင်းသည် မိဘပြည်သူများအပေါ်ထားရှိသော သဘောထားစေတနာ အမှန်ပင်ဖြစ်ကြောင်း၊လိုအပ်ချက်မှန်သမျှကိုလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးများက သက်ဆိုင်ရာ လွှတ်တော်များကို တင်ပြပေးသွားမှာဖြစ်သလို ပါတီအနေဖြင့်လည်း အထက်ဌာနများကို တင်ပြပေးသွားမှာဖြစ်ကြောင်း၊ မိမိတို့ ရပ်ရွာအတွက် အကျိုးရှိသည့် တင်ပြချက်များကို တင်ပြကြရန်လိုကြောင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ မြို့နယ်ပါတီဥက္ကဋ္ဌ ဦးကျော်ကျော်ဌေးက ပြောကြားခဲ့သည်။

၎င်းနောက် လွှတ်တော်ကိုယ်စားလှယ်များ၊ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ပါတီကော်မတီဝင်များသည် ပြည်သူလူထုက တင်ပြထားသည့် ရပ်ကွက်များအတွင်းသို့ မြေပြင်ကွင်းဆင်းကာ လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြပြီး တင်ပြချက်များအားလုံးကို ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ ဦးကျော်ကျော်ဌေး၊အတွင်းရေးမှူး ဦးစန်းမောင်၊ဘဏ္ဍာရေးမှူး ဦးမော်ကြီးနှင့် ကော်မတီဝင်များ၊အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ အုပ်ချုပ်ရေးမှူး ဦးမောင်မောင်မျိုး၊ ချမ်းအေးသာစံအလယ်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းထွန်း၊ ချမ်းအေးသာစံအရှေ့ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကိုကြီးနှင့် ရာအိမ်မှူးများ၊ရပ်ကွက်နေ ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (ဝ၄၁)

## မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် ဂျပန်နိုင်ငံလုပ်ငန်းရှင်များ တွေ့ဆုံ

**မန္တလေး ဇွန် ၆**

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးတင်လတ်နှင့် အလုပ်အမှုဆောင်များအား ယမန်နေ့ မွန်းလွဲ ၂ နာရီက ချမ်းအေးသာစံမြို့နယ် ၇၈ လမ်းနှင့် ၃၄ လမ်းထောင့်၊ ရတနာပုံစူပါစင်တာ စတုတ္ထထပ်ရှိ အသင်းအစည်းအဝေးခန်းမ၌ ဂျပန်နိုင်ငံမှ Mr.Kakefuda Hiroshi နှင့် Mr.Yashinaga Takuya ဦးဆောင်သော စီးပွားရေးလုပ်ငန်းရှင်များက လာရောက်တွေ့ဆုံခဲ့သည်။ **(အပေါ်ယာပုံ)**

တွေ့ဆုံပွဲတွင် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဂျပန်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များက ဂျပန်နိုင်ငံကျောင်းများသို့ ပညာသင်အခွင့်အလမ်းများ၊ EV မော်တော်ယာဉ်များနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေသော Gas များ တင်သွင်းခြင်း၊ Waste to energy Method ဖြင့် အသုံးပြုပြီးသော မော်တော်ကားတာယာများအား လမ်းများ ခင်းရာတွင် ပြန်လည်အသုံးပြုခြင်းဆိုင်ရာများ တင်ပြရာ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များက ပညာသင်ကြားခွင့်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ၊ EV မော်တော်ဆိုင်ကယ်စက်ရုံ မန္တလေးစက်မှုဇုန်တွင် လာရောက်ဖွင့်လှစ်ရင်းနှီးမြှုပ်နှံရန် အကြံပြုဆွေးနွေးပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။ (ဝ၄၅)



## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ခိုလမ် ဇွန် ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ခိုလမ်မြို့တွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ မြို့အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများတွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၅ ရက် နံနက် ၁၀ နာရီက ခိုလမ်မြို့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ခိုလမ်မြို့စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မင်းစိုးက ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းသီတာနွယ်က မိတ်ဆက်စကားပြောကြားပြီး မြို့အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်/ကျေးအုပ်ချုပ်ရေးအဖွဲ့များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အတူတကွပေါင်းစပ်ဆောင်ရွက်မည့်အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသည့် မြို့အဆင့်ဌာနဆိုင်ရာများက သက်ဆိုင်ရာဌာနအလိုက် ဆောင်ရွက်မည့်လုပ်ငန်းများ တင်ပြခဲ့ကြပြီး၊ မြို့မိမြို့ဖနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများက ရပ်ကွက်၊ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်မီးရရှိစေရေးအတွက် လိုအပ်ချက်များအား အသီးသီးဆွေးနွေးတင်ပြခဲ့ကြရာ တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်အမှာ စကားပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး ဇွန် ၆**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။

ရှေးဦးစွာ ချမ်းအေးသာစံမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးပြောကြားခဲ့ပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုထွေးက ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးတို့ကို ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် ဌာနဆိုင်ရာများက သက်ဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်းများ ဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ညွှန်ကြားချက်များနှင့်အညီ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နေသည့် အခြေအနေများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ချမ်းမြေမောင်(မြို့နယ်ပြန်/ဆက်)**

# လှုပ်လှုပ်ရှားရှား ကုန်စည်စီးပွား



## ပို့ကုန်ပဲများအပါဝင် ပြည်တွင်းသုံးပဲများဈေးကျဆင်းနေသော်လည်း ကျဈေးဖြင့် အဝယ်ကောင်းနေ

မန္တလေးပဲ၊ နှမ်းဈေးကွက်တွင် ပို့ကုန်ပဲများအပါအဝင် ပြည်တွင်းသုံးပဲများ ဈေးကျဆင်းသော်လည်း ကျဈေးဖြင့် အဝယ်ကောင်းနေကြောင်း ပဲကုန်သည်များထံမှ သိရသည်။

မန္တလေးဈေးကွက်အတွင်း ပို့ကုန်ပဲများနှင့် ပြည်တွင်းသုံးပဲ ဈေးအတက်အကျမရှိ ဈေးတည်ငြိမ်နေပြီး နိုင်ငံခြားငွေမြင့်တက်လာမှသာ ပဲဈေးမြင့်တက်လေ့ရှိခြင်းဖြစ်သည်။

လက်ရှိမှာ အဝင်များလာသည့် ရှမ်းပဲပုတ်စေ့များ ဈေးကျဆင်းသော်လည်း ပေါက်ဈေးအတိုင်း ပြည်တွင်းပဲကုန်သည်များ အဝယ်ကောင်းနေခြင်းဖြစ်ကြောင်း၊ ပြည်တွင်းသုံး ကုလားပဲမှာ ငွေကျပ် နှစ်သိန်းကျော်သာ ပေါက်ဈေးရှိပြီး ပို့ကုန်ပဲများမှာလည်း ငွေကျပ် သုံးသိန်းအောက်တွင်သာ ပေါက်ဈေးရှိကြောင်း၊ မြေပဲဆီဆန်များလည်း ဈေးကျဆင်းနေကြောင်း ရွှေစင်သိန်းပွဲရုံပိုင်ရှင် ဦးကျော်သွင်က ပြောသည်။

"ပြည်တွင်း ပဲဈေးကွက် တစ်ခုလုံး ဈေးတည်ငြိမ်နေပါတယ်။ ပို့ကုန်ပဲတွေက နိုင်ငံခြားငွေဈေးလှုပ်မှ ပဲဈေးလိုက်လှုပ်တာပါ။ လက်ရှိမှာတော့ ဘယ်ပဲမှ ဈေးတက်တာမရှိပါဘူး။ သူ့ဈေးတန်းနဲ့သူ ငြိမ်နေပါတယ်။ ရှမ်းပဲပုတ်တွေ အဝင်ကောင်းနေတော့ ဈေးကျလာပါတယ်။ ဈေးကျတယ်ဆိုပေမယ့် ကျဈေးအတိုင်း အဝယ်ကတော့ သွက်နေပါတယ်။ ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံး ဈေးကျဆင်းနေသလို ဈေးအကျအတိုင်း အဝယ်ရှိနေပါတယ်"ဟု ၎င်းက ပြောသည်။

ဇွန် ၆ ရက်တွင် ပို့ကုန်ပဲများအားလုံး ဈေးတည်ငြိမ်နေလျက်ရှိရာ ပဲစင်းငုံ ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၉၀၀၀၀၊ မတ်ပဲပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၇၇၀၀၀၊ ပဲတီစိမ်း(အညာ)သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၈၅၀၀၀ အထိ ဈေးကျဆင်းလျက်ရှိနေသည်။

ပြည်တွင်းသုံး ကုလားပဲ အုပ်စုမှာ အနည်းငယ် အတက်၊ အကျ ရှိသော်လည်း အရောင်းအဝယ်ပုံမှန်ရှိနေရာ V2 ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၂၀၀၀၀၊ V7သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၂၃၀၀၀၊ ထိုင်ဝမ်ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၁၅၀၀၀၊ 929 ကုလားပဲသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၂၅၀၀၀ ပေါက်ဈေး ရှိနေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာဇွန် ၆ ရက်တွင် ပဲကြီး တစ်အိတ်လျှင် ငွေကျပ် ၅၉၅၀၀၀၊ ပဲရာဇာ သုံးတင်းတစ်အိတ်လျှင် ငွေကျပ် ၄၉၀၀၀၀၊ ပဲထောပတ်(သစ်)တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀၀၊ပဲကြား တစ်အိတ်လျှင် ငွေကျပ် ၄၁၀၀၀၀၊ ပဲနီပြား(ကျွန်း) တစ်အိတ်လျှင် ငွေကျပ် ၅၁၀၀၀၀၊ ပဲဇီးကွက် တစ်အိတ်လျှင် ငွေကျပ် ၃၅၀၀၀၀၊ စွန်တာပြာ တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀၊ မြေထောက်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀၀၊ ကျွန်းစားတော်ပဲ(အသေး) တစ်အိတ်လျှင် ငွေကျပ် ၆၁၀၀၀၀ အသီးသီး ပေါက်ဈေးရှိနေသည်။

နှမ်းမျိုးစုံဈေးကွက်မှာ ဇွန် ၆ ရက်တွင် နှမ်းနက် သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၆၄၀၀၀၀၊ နှမ်းဖြူ(ဂျပန်)သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၆၃၀၀၀၊ နှမ်းဖြူ(ဗမာ)သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၅၅၀၀၀၊ နှမ်းညို သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၄၀၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၁၁၂၀၀၊ မြေပဲဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀ အသီးသီး ပေါက်ဈေးရှိနေသည်။

**ရွှေမန်း**

## Green Gold ကုမ္ပဏီက ပြည်ပနိုင်ငံများသို့ ကော်ဖီစေ့ကုန်ကြမ်းများ တင်ပို့ရောင်းချမည်

Green Gold ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေးနှင့် အထွေထွေ လုပ်ငန်းသမဝါယမအသင်းက အမေရိကန်နိုင်ငံ အပါအဝင် ပြည်ပနိုင်ငံများသို့ ကော်ဖီစေ့အစိမ်းများ တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ယခု ၂၀၂၆ ခုနှစ်အတွင်း ကော်ဖီတင်ပို့နိုင်ရေး ဆောင်ရွက်နေကြောင်း ဟိုပုံးမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးဝင်းထွဋ်က ပြောသည်။

"ကော်ဖီစေ့ အစိမ်း တစ်အိတ်လျှင် ၆၀ ကီလိုဂရမ်အရွယ်အစားအိတ်များကို ပထမအကြိမ်အဖြစ် အိတ်အရေအတွက် ၆၀ တင်ပို့ရန် လျာထားပါတယ်"ဟု ၎င်းက ပြောသည်။

Green Gold ကော်ဖီကို ဘိန်းအစားထိုးသီးနှံအဖြစ် လွိုင်လင်မြို့နယ်နှင့် ဟိုပုံးမြို့နယ်များမှာ ကော်ဖီစိုက်ဧက ၁၆၀၀၀ စိုက်ပျိုးထားရှိသည်။

Green Gold ကော်ဖီကို ၂၀၁၉ ခုနှစ်မှစတင်ကာ ပြင်သစ်နှင့် ဘယ်လ်ဂျီယံ အပါအဝင် ပြည်ပနိုင်ငံများသို့ နှစ်စဉ် တင်ပို့လျက်ရှိသည်။

ယခုဘဏ္ဍာနှစ် မေလအတွင်းမှာ ပြင်သစ်နိုင်ငံအခြေစိုက် ကုမ္ပဏီသို့ ပထမအကြိမ်နှင့် ဒုတိယအကြိမ် စုစုပေါင်း တန်ချိန် ၃၄ ဒသမ ၀၈ တန် တင်ပို့နိုင်ခဲ့သည်။

Green Gold ကော်ဖီအနေဖြင့် ကော်ဖီတင်ပို့မှုကနေ နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရှာဖွေပေးနေသလို ဘိန်းအစားထိုးသီးနှံအဖြစ် ကော်ဖီစိုက်ပျိုးပြီး သမဝါယမအသင်းဝင်တောင်သူများကို ဝင်ငွေရရှိစေရန် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် အာရေဗီးယားကော်ဖီ(ခေါ်)ကုန်းမြင့်ကော်ဖီကို စိုက်ပျိုးနိုင်သကဲ့သို့ ရိုဘတ်စတာ(ခေါ်)မြေနိမ့်ကော်ဖီကို စိုက်ပျိုးကြပြီး တစ်နိုင်ငံလုံး တစ်နှစ်လျှင် ကော်ဖီထုတ်လုပ်မှုမှာ တန်ချိန် ၇၀၀၀ ကျော်ရှိပြီး ကော်ဖီစိုက်သူအများစုမှာ ကော်ဖီစေ့ကို ကုန်ကြမ်းအတိုင်း အများဆုံး တင်ပို့မှုပြုလုပ်ကြကြောင်း သိရသည်။

**ရွှေမန်း**

## ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် မြန်မာ့ပြောင်း တန်ချိန် ၁ ဒသမ ၃ သန်းကျော် ပြည်ပတင်ပို့ရန် မျှော်မှန်း

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ပသို့ မြန်မာ့ပြောင်းတန်ချိန် ၁ ဒသမ ၃ သန်းကျော် တင်ပို့နိုင်ရန် မျှော်မှန်းထားကြောင်း မြန်မာနိုင်ငံပြောင်းလုပ်ငန်းအသင်းမှ သိရသည်။

လက်ရှိ ဘဏ္ဍာနှစ်အစောပိုင်းကာလအတွင်း ပြောင်းတန်ချိန် တစ်သိန်းခန့်ကို တင်ပို့ထားကြောင်း အသင်းက ထုတ်ပြန်ထားသည်။

ထိုင်းနိုင်ငံတွင် ယခုအချိန်၌ ပြောင်းတစ်ကီလိုလျှင် ၁၁ ဒသမ ၇ ဘတ်အထိ ဈေးကောင်းရရှိနေသော်လည်း ထိုင်းနိုင်ငံက အမေရိကန်နိုင်ငံမှ ပြောင်းတန်ချိန် ၁ သန်း ဝယ်ယူရန် စာချုပ်ချုပ်ဆိုထားသဖြင့် လာမည့်ကာလတွင် ထိုင်းဈေးကွက်အတွင်း ပြောင်းဈေးနှုန်းများ ပြန်လည်ကျဆင်းနိုင်ကြောင်း ကုန်သည်အချို့က သုံးသပ်ထားကြသည်။

လက်ရှိအချိန်တွင် မြန်မာ့ပြောင်းကို ထိုင်းနိုင်ငံက ဈေးအမြင့်ဆုံးဖြင့် အများဆုံးဝယ်ယူနေပြီး ထိုင်းနှင့် ဖိလစ်ပိုင်ဈေးကွက်များသို့ အဓိကတင်ပို့နေရကြောင်း သိရသည်။

ထိုင်းဘက်မှ ဝယ်လိုအားလျော့ကျလာပါက အခြားဝယ်လိုအားရှိသည့် အာဆီယံဒေသတွင်းနိုင်ငံများသို့ တင်ပို့မှုကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည်။

ပြောင်းစိုက်ပျိုးမှုအနေဖြင့် ပြည်တွင်း၌ အခြားသီးနှံများ ဈေးကွက်ရရှိမှုအပေါ်မူတည်ပြီး ပြောင်းစိုက်ပျိုးမှု အတက်၊ အကျ ရှိသလို ပြည်တွင်းပြောင်းပေါက်ဈေးကောင်းခြင်း၊ မကောင်းခြင်းအပေါ်မူတည်ပြီး တောင်သူများ တိုးချဲ့စိုက်ပျိုးခြင်း၊ လျှော့ချစိုက်ပျိုးခြင်းကို ဆောင်ရွက်ကြခြင်းဖြစ်သည်။

ပြီးခဲ့သည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်းတွင်လည်း ပြည်ပသို့ မြန်မာ့ပြောင်းတန်ချိန် ၁ ဒသမ ၃ သန်းခန့် တင်ပို့နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံပြောင်းလုပ်ငန်းအသင်းမှ သိရသည်။

**ရွှေမန်း**



## ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒုတိယမေလတွင် ဆန်၊ ဆန်ကွဲတန်ချိန် ၁၃၀၀၀၀ ကျော်တင်ပို့နိုင်

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒုတိယမေလအတွင်း ဆန်၊ ဆန်ကွဲတန်ချိန် ၁၃၆၂၆၂ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ တင်ပို့နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ထုတ်ပြန်သော စာရင်းများအရ သိရသည်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်တန်ချိန် သုံးသန်း တင်ပို့ရန် လျာထားခဲ့ပြီး ဆန်တန်ချိန် ၂ ဒသမ ၇ သန်းကျော် ၂၇၄၀၇၃၉ တင်ပို့နိုင်ခဲ့သည်။

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပထမ ဧပြီလတွင် ဆန်တန်ချိန် ၁၆၉၅၅၉ ကျော်၊ မေလတွင် ၁၃၆၂၆၂ တန် တင်ပို့ထားသည်။

ယခုဘဏ္ဍာနှစ် ဒုတိယ မေလတွင် ဆန်တန်ချိန် ၅၇၈၅၈ တန်၊ ဆန်ကွဲတန်ချိန် ၇၈၄၀၄ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုတစ်မျိုးတည်းက တင်ပို့ခဲ့ခြင်းဖြစ်သည်။ မေလတွင် ဆန်တင်ပို့မှုကုမ္ပဏီ ၄၂ ခုမှ နိုင်ငံပေါင်း ၁၈ နိုင်ငံသို့ တင်ပို့ခဲ့ရာ ဖိလစ်ပိုင်နိုင်ငံက တန်ချိန် ၂၃၉၉၀ ဖြင့် ပထမအများဆုံး ဝယ်ယူခဲ့ပြီး ပိုလန်နိုင်ငံက ဒုတိယ ၇၇၄၅ တန် ဝယ်ယူပြီး ချက်ပြည်သူ့သမ္မတနိုင်ငံက ၄၃၂၅ တန်ဖြင့် တတိယ အများဆုံး ဝယ်ယူခဲ့သည်။




ဆန်ကွဲကို တရုတ်နိုင်ငံက တန်ချိန် ၄၀၆၈၉ ဖြင့် အများဆုံး ဝယ်ယူပြီး ဒုတိယ ဘယ်လ်ဂျီယံနိုင်ငံက ၄၃၅၀၀ တန်၊ နယ်သာလန်နိုင်ငံက ၁၃၅၀ တန် အသီးသီး ဝယ်ယူလျက်ရှိသည်။

ယခု ဘဏ္ဍာနှစ် ပထမနှစ်လအတွင်း ဆန်တန်ချိန် ၃၀၅၈၂၁ တန်၊ ဆန်ကွဲ ၁၆၆၈၂၁ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှတစ်ဆင့် တင်ပို့ထားပြီး နောက်ပိုင်းတွင် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှလည်း တင်ပို့ရန်ရှိနေသည်။

၂၀၂၅-၂၀၂၆ ၁၂လတာ ကာလအတွင်း ဆန်၊ ဆန်ကွဲ တန်ချိန် ၂၇၄၀၇၃၉ တန် အမေရိကန်ဒေါ်လာ ၈၆၁ မီလီယံတန်ဖိုးကို ပို့ကုန်အဖြစ် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

**ရွှေမန်း**

## တရားရုံးက ဦးဆောင်သော စေ့စပ်ဖြေရှင်းရေးစနစ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ



**မန္တလေး ဇွန် ၆**

နိုင်ငံတော်၏ ရက်(၁၀၀) စီမံချက်အနေဖြင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း(၂၀၁၃-၂၀၁၇)၊ စတုတ္ထနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ်(၂၀၁၆)၊ မဟာဗျူဟာအစီအစဉ် ၅.၃.၁ အရ 'တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်'အား နယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် ရည်ရွယ်၍ တရားရုံးက ဦးဆောင်သော စေ့စပ်ဖြေရှင်းရေးစနစ်နှင့်စပ်လျဉ်း၍ အသိပညာပေးဟောပြောပွဲကို ဇွန် ၅ ရက် နံနက် ၁၀ နာရီက မန္တလေး၊ ရတနာပုံတက္ကသိုလ်၊ ဥပဒေပညာဌာန၊ Seminar Room တွင် ကျင်းပသည်။

အဆိုပါ ဟောပြောပွဲသို့ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဒေါ်တင်သန်းနှင့် တရားရေးအရာရှိများ၊ ရတနာပုံတက္ကသိုလ်၊ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များ၊ ဥပဒေပညာဌာနမှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာအေးအေးမြင့်နှင့် ဆရာမများ၊ ဥပဒေပညာအထူးပြု ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

ဟောပြောပွဲတွင် တိုင်းဒေသကြီး တရားလွှတ်တော်မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မုဒိတာက 'စေ့စပ်ဖြေရှင်းရေးစနစ် မိတ်ဆက်တင်ပြခြင်း' ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စေ့စပ်ဖြေရှင်းရေးဌာန တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဒေါ်စန္ဒာစိုးက 'တရားရုံးက ဦးဆောင်သော စေ့စပ်ဖြေရှင်းရေး' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးတရားလွှတ်တော် Website တွင် လွှင့်တင်ထားသော 'ချစ်စကို ရှည်စေ' ပညာပေး ရုပ်သံဇာတ်လမ်းတို Video Clip ပြသခြင်းဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဒေါ်တင်သန်းက 'စေ့စပ်ဖြေရှင်းရေးစနစ်နှင့်ပတ်သက်၍ သုံးသပ်ဆွေးနွေးခြင်း' ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးရှင်းလင်းဟောပြောကြရာ တက်ရောက်လာကြသော ရတနာပုံတက္ကသိုလ် ဥပဒေပညာဌာန ပါမောက္ခ၊ တွဲဖက်ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းခြင်း၊ ဖြေဆိုခြင်းနှင့် အပြန်အလှန်ဆွေးနွေးခြင်းများ ပြုလုပ်ကြပြီးနောက် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်မှ တက္ကသိုလ်စာကြည့်တိုက်အတွက် ဥပဒေဗဟုသုတ စာအုပ်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

## ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အသိပညာပေး (Talk Show) ကျင်းပ

**ချောက် ဇွန် ၆**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်တွင် ၂၀၁၆ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အဖြစ် အသိပညာပေး (Talk Show)ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်း၍ လူထုအခြေပြုဗဟိုဌာန(Community Centre) ခန်းမ၌ ဇွန် ၅ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

ရေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခင်ချိုချိုဝင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမျိုးကျော်ကျော်တို့က ဆွေးနွေးကြရာတွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ဖြစ်ပေါ်လာပုံ၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ကျင်းပရခြင်း ရည်ရွယ်ချက်နှင့်ဆောင်ပုဒ်၊ ပတ်ဝန်းကျင်တွင် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများ၊ လုပ်ဆောင်သင့်သည့် နည်းလမ်းများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားကြောင်း သိရသည်။ (အပေါ်ယာပုံ)

ဝင်းအိမွန်(ပြန်/ဆက်)





## လူထုအခြေပြုဗဟိုဌာန၌ စာကြည့်တိုက်လုပ်ငန်း စီမံခန့်ခွဲရေးလက်စွဲစာစောင်စာအုပ်ဖြင့် ဝန်ထမ်းစာဖတ်ဝိုင်းပြုလုပ်

**မန္တလေး ဇွန် ၆**

မန္တလေးတိုင်းဒေသကြီး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မန္တလေးခရိုင်၊ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ယမန်နေ့ ညနေ ၃ နာရီက စာကြည့်တိုက်လုပ်ငန်းစီမံခန့်ခွဲရေး လက်စွဲစာစောင်စာအုပ်ဖြင့် ဝန်ထမ်းစာဖတ်ဝိုင်း ပြုလုပ်ခဲ့သည်။

အဆိုပါ စာဖတ်ဝိုင်းတွင် ဝန်ထမ်းများအနေဖြင့် မိမိ၏လုပ်ကိုင်ရသည့်လုပ်ငန်းများအပေါ် ပိုမိုကျွမ်းကျင် တတ်မြောက်လာစေရန်၊ အသိပညာဗဟုသုတများ တိုးပွားလာစေရန်၊ ဉာဏ်ရည်ဉာဏ်သွေးများ မြင့်မားလာစေရန်နှင့် အားလပ်သည့်အချိန်များတွင် စာပေဖတ်ရှုခြင်းဖြင့် ရရှိလာမည့် စာပေအကျိုးကျေးဇူးများ ရရှိစေရန် ရည်ရွယ်၍ မန္တလေးခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက စာဖတ်ဝိုင်းပြုလုပ်ရခြင်း ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားခဲ့ပြီး စာကြည့်တိုက်လုပ်ငန်းစီမံခန့်ခွဲရေး လက်စွဲစာစောင်စာအုပ်တွင် ပါရှိသည့် 'စာကြည့်တိုက်အဓိပ္ပာယ်' ခေါင်းစဉ်ပါ အကြောင်းအရာများကို ရှင်းလင်းဆွေးနွေး ပြောကြားခဲ့သည်။ ထို့နောက် စာဖတ်ဝိုင်းသို့ တက်ရောက်လာသည့် ဝန်ထမ်းများကလည်း သိရှိလိုသည်များကို အသီးသီး မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

စင်မင်းမောင်(ခရိုင်၊ ပြန်/ဆက်)

**စာပေမြင့်မှ လူမျိုးတင့်မည်။**





ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## အလှညီကျ နွဲ့မရ

* မေတ္တာကို ခြေခံထား
မိဘများ စေတနာ၊
ချော့တစ်ခါ ခြောက်တစ်လှည့်
မမဲ့ မေတ္တာ ။
သားသမီးများ ဘဝမှာ
လှပစွာ သာစေကြောင်း
လမ်းကောင်းမှန် ညွှန်ကာပြ
ဉာဏာတွေလောင်း ။

* ငယ်စဉ်ခါ ရင်သွေးလှ
သင်ကြားကြ မြတ်ပညာ၊
ပူးတွဲကာ စာရိတ္တ
ပြည့်ဝစုံစွာ ။
မိဘတို့ ရင်အုပ်မကွာ
ပြုစုလာ ချိန်ကြာညောင်း၊
အိုဟောင်းလာ မိဘတွက်
ငဲ့ကွက်စေကြောင်း ။


* အိုမင်းလာ မိဘမြတ်
သိတတ်ကြစေဖို့ပါ၊
ယခုခါ ကိုယ့်အလှည့်
ရောက်တဲ့ချိန်ခါ ။

* ပြုစုလို့ လုပ်ကျွေးပါ
စိတ်ချမ်းသာ နေထိုင်ရေး၊
နေ့စဉ်တွေး အချိန်လှ
မြတ်နိုးမှုပေး ။

* မြင်းမိုရ်တောင် မီပါဘူး
သူ့ကျေးဇူး ကိုယ့်ပေါ်မှာ၊
ပေးဆပ်ခါ ဝတ်မပျက်
ဆောင်ရွက်နေပါ ။
ကုသိုလ်တို့ မြားမြောင်စွာ
နတ်ပြည်ရွာ မှန်မလွဲ၊
ချမ်းသာကဲ ကြိမ်ဖန်ဖန်
နိဗ္ဗာန်တိုင်ပဲ ။

ပန်းသစ္စာ (ပုသိမ်ကြီး)

# အနာဂတ်မျှော်မှန်းချက် တူညီသော အသိုက်အဝန်း တည်ဆောက်ရေး လာအိုသမ္မတနှင့် တွေ့ဆုံစဉ် တရုတ်သမ္မတ ရှီကျင့်ဖျင် ပြောကြား



**ပေကျင်း ဇွန် ၆**

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် တရုတ်-လာအို အနာဂတ်မျှော်မှန်းချက် တူညီသော အသိုက်အဝန်း တည်ဆောက်မှုကို ပိုမိုမြင့်မားသော စံနှုန်း၊ ပိုမိုမြင့်မားသော အရည်အသွေးနှင့် ပိုမိုမြင့်မားသော အဆင့်အတန်းသို့ ရောက်ရှိစေရေး မြင့်တင်ဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားလိုက်ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

မေ ၅ ရက်က ပေကျင်းမြို့၌ လာအိုပြည်သူ့တော်လှန်ရေးပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူးချုပ်နှင့် လာအိုသမ္မတ သောင်လွန်း ဆီဆူလစ်နှင့် တွေ့ဆုံဆွေးနွေးစဉ် ၎င်းက ထိုသို့ ပြောကြားခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့် သံတမန်ဆက်ဆံရေးတွင် လာအိုနိုင်ငံကို အမြဲတစေ အရေးပါသည့်နိုင်ငံအဖြစ် သတ်မှတ်ထားပြီး လာအိုနိုင်ငံ၏ အမျိုးသားအခြေအနေနှင့် ကိုက်ညီသော ဆိုရှယ်လစ်လမ်းစဉ်ကို လျှောက်လှမ်းရာတွင် ပြတ်သားစွာ ထောက်ခံအားပေးသည်ဟု သမ္မတရှီကျင့်ဖျင်က အလေးပေးပြောကြားခဲ့ကြောင်း သိရသည်။ **Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## လူသန်းပေါင်းများစွာ ပြင်းထန် အငတ်ဘေးဆိုက်ရောက်နေ ကုလသမဂ္ဂ စားနပ်ရိက္ခာအဖွဲ့က သတိပေးချက်ထုတ်ပြန်

**ဝါရှင်တန် ဇွန် ၆**

ကမ္ဘာပေါ်တွင် လူသန်းပေါင်းများစွာ ပြင်းထန်သော အငတ်ဘေးဆိုက်ရောက်နေရပြီး အရှေ့အလယ်ပိုင်းပဋိပက္ခ ပိုမိုပြင်းထန်လာကာ ရေနံဈေးနှုန်းများ ဆက်လက်မြင့်တက်နေပါက အခြေအနေပိုဆိုးလာလိမ့်မည်ဟု ကုလသမဂ္ဂ စားနပ်ရိက္ခာအဖွဲ့က သတိပေးချက်ထုတ်ပြန်လိုက်ကြောင်း သိရသည်။

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ ထိခိုက်လွယ်သော နိုင်ငံသုံးနိုင်ငံအပေါ် ခွဲခြမ်းစိတ်ဖြာမှုအရ ဆိုမာလီယာနိုင်ငံတွင် လူဦးရေ ၂ ဒသမ ၅ သန်း၊ အာဖဂန်နစ္စတန်နိုင်ငံတွင် ၂ ဒသမ ၃ သန်းနှင့် သီရိလင်္ကာနိုင်ငံတွင် ၁ ဒသမ ၃ သန်းတို့သည် အခြေခံစားနပ်ရိက္ခာ လိုအပ်ချက်များကို ဖြည့်ဆည်းရန် ရုန်းကန်နေရကြောင်း တွေ့ရှိရသည်။

ထိုအရေအတွက်မှာ ကမ္ဘာတစ်ဝန်းတွင် စားနပ်ရိက္ခာမလုံခြုံမှုနှင့် ကြုံတွေ့နေရပြီးဖြစ်သည့် လူဦးရေ ၃၁၈ သန်းအပေါ်တွင် ထပ်မံတိုးပွားလာမည့် အရေအတွက်ဖြစ်ကြောင်း သိရသည်။

**Mon**

# အင်ဒိုနီးရှားရှိ လီဝိုတိုဘီ လာကီ-လာကီ မီးတောင် ပေါက်ကွဲ မီးခိုးများကြောင့် ဒေသတွင်းလေဆိပ်တစ်ခု ပိတ်ထားလိုက်ရ

**ဂျကာတာ ဇွန် ၆**

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်းရှိ အလွန်လှုပ်ရှားမှုများသော မီးတောင်တစ်ခုသည် ယမန်နေ့က အကြိမ်ကြိမ် ပေါက်ကွဲခဲ့ပြီး မီးခိုးငွေ့များ ကောင်းကင်သို့ မြင့်တက်သွားကာ ဒေသတွင်းလေဆိပ်တစ်ခုကို ပိတ်ထားလိုက်ရကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဖလိုရက်စ်ကျွန်းပေါ်ရှိ လီဝိုတိုဘီ လာကီ-လာကီ မီးတောင်သည် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၁၅ မိနစ်အချိန်တွင် ပေါက်ကွဲခဲ့ပြီး မီးတောင်ပြာများကို ကောင်းကင်သို့ ၂ ဒသမ ၅ ကီလိုမီတာအမြင့်အထိ မှုတ်ထုတ်ခဲ့ကြောင်း အမျိုးသားမီးတောင်ဗေဒဌာနက ထုတ်ပြန်ကြေညာသည်။

လီဝိုတိုဘီ လာကီ-လာကီ မီးတောင်သည် အင်ဒိုနီးရှားနိုင်ငံ၏ ဒုတိယအမြင့်ဆုံး မီးတောင်လှုပ်ရှားမှု သတိပေးချက်အဆင့်တွင် ရှိနေပြီး မီးတောင်ဝ ပတ်ပတ်လည် ၅ ကီလိုမီတာ အကွာအဝေးအတွင်း လူသူဝင်ရောက်ခြင်းကို တားမြစ်ထားကြောင်း သိရသည်။

**Mon**




**STOP AIDS**

# ယူနက်စကို၏ လူသားနှင့် ဇီဝနယ်ပယ်အုပ်ချုပ်ရေး ဥက္ကဋ္ဌအဖြစ် တရုတ်ဂေဟဗေဒပညာရှင် မာခယ်ဖျင် မဲပေးရွေးချယ်ခံရ

**ပေကျင်း ဇွန် ၆**

တရုတ်ဂေဟဗေဒပညာရှင် မာခယ်ဖျင်သည် ယူနက်စကို၏ လူသားနှင့် ဇီဝနယ်ပယ်ဆိုင်ရာ အစီအစဉ်၏ အမြင့်ဆုံးအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌအဖြစ် မဲပေးရွေးချယ်ခံခဲ့ရပြီး အဆိုပါရာထူးကို ရယူသည့် ဒုတိယမြောက် တရုတ်သိပ္ပံပညာရှင် ဖြစ်လာကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါမဲပေးပွဲကို ပါရာဂွေးနိုင်ငံ၊ ဟာနန်ဒါရီယက်စ်မြို့တွင် ကျင်းပသည့် (၃၈)ကြိမ်မြောက် လူသားနှင့် ဇီဝနယ်ပယ်ဆိုင်ရာ အစီအစဉ်၏ နိုင်ငံတကာညှိနှိုင်းရေးကောင်စီအစည်းအဝေးအတွင်း ပြုလုပ်ခဲ့သည်။

တရုတ်သိပ္ပံအကယ်ဒမီ၏ ပညာရှင်တစ်ဦးနှင့် အဆိုပါ အကယ်ဒမီ၏ ရုက္ခဗေဒဌာနမှ သုတေသနပညာရှင်ဖြစ်သူ မာခယ်ဖျင်သည် ၂၀၂၆ ခုနှစ်မှ ၂၀၂၈ ခုနှစ်အထိ တာဝန်ထမ်းဆောင်မည်ဖြစ်သည်။

ယခုခန့်အပ်မှုမှာ တရုတ်အင်ဂျင်နီယာအကယ်ဒမီ၏ ပညာရှင်တစ်ဦးဖြစ်သည့် တရုတ်ဂေဟဗေဒပညာရှင် လီဝမ်ဟွာက ၁၉၈၈ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ အဆိုပါကောင်စီကို ဦးဆောင်ခဲ့ပြီးနောက် ၃၆ နှစ်အကြာတွင် ဖြစ်ပေါ်လာခြင်းဖြစ်ပြီး မာခယ်ဖျင်သည် အစီအစဉ်၏ မဟာဗျူဟာမြောက် ဦးတည်ချက်များကို ပုံဖော်ရာတွင် အခန်းကဏ္ဍမှ ပါဝင်ခဲ့သူဖြစ်ကြောင်း သိရသည်။

**Mon**



# အာဖရိက၌ လက်ရှိအချိန်အထိ ကျန်းမာရေးဝန်ထမ်း ၃၄ ဦး အီဘိုလာဗိုင်းရပ်စ် ကူးစက်ခံထားရ

**အဒစ်အဘာဘာ ဇွန် ၆**



အာဖရိက၌ လက်ရှိအချိန်အထိ ကျန်းမာရေးဝန်ထမ်း စုစုပေါင်း ၃၄ ဦး အီဘိုလာဗိုင်းရပ်စ် ကူးစက်ခံထားရပြီး ၎င်းတို့အနက် ခုနစ်ဦး သေဆုံးကာ ခြောက်ဦး ပြန်လည်ကောင်းမွန်လာကြောင်း အာဖရိက ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဗဟိုဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့၏ ထုတ်ပြန်ချက်အရ သိရသည်။

ရောဂါကူးစက်ခံရသူပေါင်း ၃၉၇ ဦးရှိပြီး ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံမှ ၃၈၁ ဦးနှင့် ယူဂန်ဒါနိုင်ငံမှ ၁၆ ဦးရှိကြောင်း အာဖရိက ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဗဟိုဌာန ညွှန်ကြားရေးမှူးချုပ် ဂျင်းန်ကာဆီယာက ပြောကြားခဲ့သည်။ အတည်ပြု လူနာများအနက် သေဆုံးသူဦးရေမှာ လက်ရှိတွင် ၆၃ ဦးရှိပြီး ၎င်းတို့အနက် ယူဂန်ဒါနိုင်ငံသား တစ်ဦး ပါဝင်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ရောဂါမှပြန်လည်သက်သာလာသူ ရှစ်ဦးရှိပြီး ၎င်းတို့အနက် ခြောက်ဦးမှာ ကွန်ဂိုနိုင်ငံမှဖြစ်ပြီး ကျန်နှစ်ဦးမှာ ယူဂန်ဒါနိုင်ငံမှဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ကွန်ဂိုနိုင်ငံ အရှေ့ပိုင်းရှိ အီတူရီပြည်နယ်သည် ရောဂါကူးစက်မှု အဆိုးရွားဆုံး ဗဟိုချက်မဖြစ်နေပြီး အတည်ပြုလူနာ စုစုပေါင်း၏ ၉၀ ရာခိုင်နှုန်းနှင့် သေဆုံးမှု စုစုပေါင်း၏ ၇၆ ရာခိုင်နှုန်းမှာ ၎င်းပြည်နယ်မှဖြစ်ကြောင်း ကာဆီယာက ပြောကြားခဲ့သည်။

ရောဂါကူးစက်ပြန့်ပွားမှုအခြေအနေ ပိုမိုဆိုးရွားလာသည့်အတွက် ကွန်ဂိုသမ္မတ ဖဲလစ်ဆီဆီကေဒီက ကာဆွန်ဂို မူလန်ဘာ ဘာတိုကာ ဂါဘီအား အီတူရီပြည်နယ်၏ စစ်ဘက်ဆိုင်ရာအုပ်ချုပ်ရေးမှူးသစ်အဖြစ် ခန့်အပ်ခဲ့သည်။

ဘွန်ဒီဘူဂျို အီဘိုလာမျိုးစိတ်အတွက် ဆေးဝါးကုသမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်နိုင်စွမ်း မရှိခြင်း၊ အားနည်းသော ကျန်းမာရေးအခြေခံအဆောက်အအုံများနှင့် အရေးပေါ်ကျန်းမာရေးအခြေအနေအမျိုးမျိုးကို ရင်ဆိုင်နေရသည့်အတွက် ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် ခက်ခဲနေရခြင်းဖြစ်ကြောင်း အီတူရီပြည်နယ် အုပ်ချုပ်ရေးမှူးသစ် ကာဆွန်ဂို မူလန်ဘာ ဘာတိုကာ ဂါဘီက ပြောကြားခဲ့သည်။

ထို့ပြင် ရန်ပုံငွေနှင့် အရင်းအမြစ် ကန့်သတ်ချက်များရှိခြင်း၊ လူဦးရေ ရွှေ့ပြောင်းသွားလာမှုမြင့်မားခြင်း၊ မလုံခြုံမှုနှင့် နေရပ်စွန့်ခွာရမှုများရှိခြင်း၊ ကျန်းမာရေးဝန်ထမ်းများ ကူးစက်ခံရခြင်းနှင့် သတင်းအမှားများနှင့် မယုံကြည်မှုများက အခြေအနေကို ပိုမိုရှုပ်ထွေးဆိုးရွားစေလျက်ရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။

ရောဂါကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်ရန် ကြိုးပမ်းမှုတစ်ရပ်အဖြစ် အာဖရိက ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဗဟိုဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့က အီဘိုလာရောဂါဖြစ်ပွားမှုကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးစီမံကိန်း (Continental Ebola Outbreak Preparedness and Response Plan) ကို စတင်ခဲ့သည်။

၎င်းစီမံကိန်းသည် အာဖရိကနိုင်ငံများအနေဖြင့် ဇွန်လမှ နိုဝင်ဘာလအထိ ကာလအတွင်း ရောဂါကူးစက်မှုကို ကြိုတင်ပြင်ဆင်ရန်၊ လျင်မြန်စွာ စစ်ဆေးဖော်ထုတ်ရန်နှင့် တုံ့ပြန်ဆောင်ရွက်နိုင်ရန် ပံ့ပိုးကူညီပေးနိုင်ရေးအတွက် အမေရိကန်ဒေါ်လာ ၅၁၈ သန်း ရန်ပုံငွေရှာဖွေရန် ရည်ရွယ်ထားကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲနှင့် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပုဂံရုံးခွဲတို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံ



ပုဂံ ဇွန် ၆

ဟိုတယ်၊ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက ပုဂံရှေးဟောင်းသုတေသနပြတိုက်၌ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲနှင့် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပုဂံရုံးခွဲတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ပြခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အိန္ဒိယနိုင်ငံ Archaeological Survey of India (ASI)အဖွဲ့မှ ပညာရှင်များ ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်နေသည့် မီးငြိမ်းကုန်းဂူဘုရား၊ မဟာဗောဓိဂူဘုရားနှင့် နတ်လှောင်ကျောင်းကိုလည်းကောင်း၊ နိုင်ငံပိုင်ပုဂံသံတဲဟိုတယ်နှင့် တရုတ်-မြန်မာချစ်ကြည်ရေး ပြန်လည်ပြုပြင်ထိန်းသိမ်းရေးစီမံကိန်းဆောင်ရွက်နေသည့် သဗ္ဗညုဂူဘုရားကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဂေါ္ဓနားဌှောင်းဘုရား အုတ်မြစ်တူးဖော် သုတေသနလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး သုတေသနပြုလုပ်ငန်းများကို စနစ်တကျ အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဌာနဆိုင်ရာ ရုံးလုပ်ငန်းသုံးပစ္စည်းများ၊ ဆေးနှင့်ဆေးပစ္စည်းများ တင်ဆောင်လာသည့်မော်တော်ယာဉ်များ ကချင်ပြည်နယ် ရွှေကူမြို့သို့ရောက်ရှိ

နေပြည်တော် ဇွန် ၆

နိုင်ငံတော်အကြီးအကဲအနေဖြင့် ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝများအဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာစေရေးလုပ်ငန်းစဉ်များကို အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ရန် လမ်းညွှန်ထားပြီးဖြစ်ရာ တပ်မတော်အနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များကို အကောင်အထည်ဖော်ရန်အတွက်ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ပညာရေးကဏ္ဍမြှင့်တင်ရန် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များနှင့် စာရေးကိရိယာများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ဆေးနှင့်ဆေးပစ္စည်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ သွားလာရေးခက်ခဲသောဒေသများသို့ တပ်မတော်မှ လေယာဉ်များ၊ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိသည်။

စာမျက်နှာ ၇ သို့ ☆

ဌာနဆိုင်ရာ ရုံးလုပ်ငန်းသုံးပစ္စည်းများ၊ ဆေးနှင့်ဆေးပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်များ ကချင်ပြည်နယ် ရွှေကူမြို့သို့ ရောက်ရှိလာစဉ်။



# ရက်(၁၀၀)စီမံချက်ဖြင့် ကတ္တရာလမ်းခင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းများတူးဖော်လျက်ရှိ

**မန္တလေး ဇွန် ၆**

မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ရေစီးရေလာကောင်းမွန်ရေးနှင့် မြို့သာယာလှပရေးအတွက် ကတ္တရာလမ်းခင်းခြင်းနှင့် ရေမြောင်းများ(Precast)၊ လမ်းကာတုံးများနှင့် ပလက်ဖောင်းများ ပြုပြင်ခြင်းလုပ်ငန်းများကို ရက်(၁၀၀)စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ အောင်မြေသာစံမြို့နယ်အတွင်း ၁၂ လမ်း(ငွေတချောင်း)နှင့် ၆၆ လမ်းကြား၊ ရေမြောင်းများ (Precast U Drain နှင့် Precast Box Culvert)တည်ဆောက်ခြင်းလုပ်ငန်းများကို သတ်မှတ် ပေအရှည်များအတိုင်း မေ ၅ ရက်မှ စတင်ပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ Ready Mixed Concrete G-25 Lean လောင်းခြင်း၊ Precast U Drain များ တပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။



အလားတူ လမ်း ၈၀၊ ၁၀ လမ်းနှင့်၁၂လမ်းကြား ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ မေ ၅ ရက်နေ့က စတင်ကာ ဆောင်ရွက်ခဲ့ပြီး Sand Seal ကတ္တရာလောင်းခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းအား လည်းကောင်း၊ ရွှေတချောင်းဘေး (အတွင်းလမ်း) ၈လမ်းနှင့် ၁၂ လမ်းကြား ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းကို မေ ၂ ရက်မှစတင်ဆောင်ရွက်နေရာ ကတ္တရာလောင်းခြင်းနှင့် ကျောက်သေးဖြန့်ခင်းခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ၆၂လမ်း၊ ၁၆လမ်းနှင့် ၁၉ လမ်းကြားအရှေ့ဘက်ခြမ်း အုတ်ရေမြောင်းမြှင့်ခြင်း၊ လမ်းကာတုံး၊ ပလက်ဖောင်း၊ မြောင်းဖုံးများ ဆောင်ရွက်ခြင်း လုပ်ငန်းများကို မေ ၄ ရက်တွင် စတင်ဆောင်ရွက်နေရာ ပလက်ဖောင်းလောင်းခြင်းနှင့် အုတ်ရိုးမြှင့်စီထားသောလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လုပ်ငန်းများကို သတ်မှတ်ထားသည့် အကျယ်ပေအတိုင်း ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ စံချိန်စံညွှန်းမီဆောင်ရွက်ရေး၊ အချိန်မီပြီးစီးရေးတို့ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနမှူး ဦးစိုးနိုင်းသိန်း၊ ဒုတိယဌာနမှူး ဒေါ်သွယ်နှင်းအောင်တို့က အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနက မြို့တော်အတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများ ဖောက်လုပ်ခြင်း၊ မြို့တော်သာယာလှပဖွံ့ဖြိုးရေးအတွက် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများကို ရက်(၁၀၀)စီမံချက်ဖြင့် ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

၀-၀-၀-၀-၀

# AYA Tri –Nation Cup 2026 လက်ရွေးစင် အမျိုးသမီးဘောလုံးပြိုင်ပွဲ တတိယပွဲစဉ်အား MRTV မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်

နေပြည်တော် ဇွန် ၆

AYA Tri–Nation Cup 2026 လက်ရွေးစင် အမျိုးသမီးဘောလုံးပြိုင်ပွဲ တတိယပွဲစဉ်အဖြစ် မြန်မာလက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းနှင့် ထိုင်းအမျိုးသမီး ဘောလုံးအသင်းတို့ ဇွန် ၉ ရက် ညနေ ၅ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ အဆိုပါပွဲစဉ်ကို MRTV Sports Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်